ထရန်ကန်ကျေးရွာ

ခရမ်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၉-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ထရန်ကန်ကျေးရွာ၊

ခရမ်းမြို့နယ်

၂၀၂၀ ခုနှစ် ၊ဇန်နဝါရီလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

ထရန်ကန်ကျေးရွာသယံဇာတပြမြေပုံ၊ ခရမ်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀
(၈) ဦးစားပေးစီမံချက်များနှင့်၄ အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)**

**ကိုးကားစာရင်း**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း


ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဇန်နဝါရီ လ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ထရန်ကန်ကျေးရွာ
ခရမ်းမြို့နယ်

## ထရန်ကန်ကျေးရွာသယံဇာတပြမြေပုံ၊ ခရမ်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့်အလှူရှင် အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြ င့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်

ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ထရန်ကန်ကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် (၁၅')တွင် တည်ရှိပြီး ခရမ်းမြို့နယ်နှင့် ၅မိုင်ခန့် ကွာဝေးပြီး မြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူသည်။ ထရန်ကန် ကျေးရွာသည် ပူအိုက်စိုစွတ်သော ရာသီဥတုဖြစ်ပြီး မိုးရေချိန် အသင့်အတင့်ရရှိသော ဒေသဖြစ်သည်။ ထရန်ကန်ကျေးရွာအုပ်စုသည် ညီညာပြန့်ပြူးသော မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကစီးပွားရေး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် တပိုင်တစ်နိုင် မွေးမြူရေး လုပ်ငန်းများဖြစ်ကြသည်။ မိုးရေလုံလောက်စွာ ရရှိသဖြင့် စိုက်ပျိုးရေး လုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ လယ်ယာမြေများသည် စပါး၊ ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်း တို့အတွက် အဓိကအားထားရာဖြစ်သည်။ ချောင်း၊ မြောင်းတိမ်ကောမှုကြောင့် နှစ်စဉ်ရေကြီး၊ ရေလွှမ်းမှုဒဏ်ကို အခိုက်အတန့် ကြုံတွေ့ရသည်။ မြေပြန့်ဒေသဖြစ်သည့် အတွက် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေမှု ရှိသည်။

### (ခ) သဘာဝအရင်းအမြစ်

မိုးရေကိုသာ အဓိကထားစိုက်ပျိုးသော လယ်ယာမြေဧက (၁၇၃)ဧကရှိပြီး စပါးနှင့် ပဲတီစိမ်းကို သာ အဓိကထားစိုက်ပျိုးကြသည်။ ထွက်ရှိသော ကောက်ရိုးနှင့် ပဲမှော်ကို တိရိစ္ဆာန် အစာများ အဖြစ် အသုံးပြုနိုင်ကြသည်။ လယ်ယာမြေများမှာလည်း အသင့်အတင့်ကောင်းမွန်ပြီး သီးထပ်အဖြစ် စိုက်ပျိုးနိုင်သည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က)လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်ုပ်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၄)စုရှိပြီး၊ လူဦးရေ ကျား/မစုစုပေါင်း ကျား(၈၇)၊ မ(၇၁) ပေါင်း(၁၅၈)ဦး:ရှိ၍ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄)ဦးသာရှိသည်။ နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ

နေထိုင်ကြပြီး အသက်(၁၅)နှစ်အထက်မှ (၆၀)နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်း လူဦးရေ၏ (၆၅.၃%)ရှိပြီး လူဦးရေစုစုပေါင်း၏ (၃၄.၇%)သည် မှီခိုသူများ ဖြစ်ကြသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် လယ်ယာမြေဧက နည်းပါးသဖြင့် အိမ်ထောင်စု အားလုံး၏ (၁၀%)အား အဆင်ပြေသော အိမ်ထောင်စုအဖြစ် သတ်မှတ်ပြီး အခြားလယ်သမား အိမ်ထောင်စု တစ်ချို့နှင့် လက်သမား၊ ပန်းရံ၊ စက်ရုံ၊ အလုပ်ရုံများတွင် ဝင်ရောက်အလုပ် လုပ်နိုင်ခြင်းဖြင့် ဝင်ငွေများ အသင့်အတင့် ကောင်းမွန်သောကြောင့် ၁၈%ရှိသော အိမ်ထောင်စု (၁၈)စုအား အလယ်အလတ် အဆင့် ရှိသော အိမ်ထောင်စုအဖြစ် သတ်မှတ်သည်။ ယင်းတို့အနက် အိမ်ထောင်စုအားလုံး၏ ၄၉% သည် ဆင်းရဲနှင့် ၂၁%သည် အလွန်ဆင်းရဲသောအိမ်ထောင်စုများ ဖြစ်ကြသည်။

မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အဆင်ပြေသော အိမ်ထောင်စုများသည် လယ်ဧက (၁၅)မှ (၂၀) ဧကအထိ ပိုင်ဆိုင်ကြောင်း တွေ့ရှိရပြီး၊ လယ်ယာပိုင်ဆိုင်မှု အဆင့်(၅)မှ (၁၀)ဧကအကြား ပိုင်ဆိုင်သော လယ်သမားများလည်း ပါဝင်သည်။ ဆင်းရဲသော အိမ်ထောင်စုသည် (၅)ဧကအောက် ပိုင်ဆိုင်ကြပြီး၊ အလွန်ဆင်းရဲသောအိမ်ထောင်စု များမှာ မြေယာပိုင်ဆိုင်မှု လုံးဝမရှိကြောင်း တွေ့ရသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ ပျဉ်ထောင်အိမ်ကြီး၊ သွပ်မိုး၊ ပျဉ်ကာများ ဖြစ်ကြသည်။ ထွန်တုံး၊ ထွန်တံ၊ နွား ပြည့်စုံသည်။ ဂွန်ဒေါင်း၊ ရေစုပ်စက်များလည်း ပိုင်ဆိုင်ကြသည်။ တခြားပိုင်ဆိုင်မှုအဖြစ် ဆိုင်ကယ်၊ စက်ဘီး၊ တီဗွီ၊ အောက်စက်၊ ရွှေငွေများလည်း ပြည့်စုံမှုရှိသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများသည် ပျဉ်ထောင်အိမ်သေးနှင့် နေထိုင်ကြပြီး ထွန်းတုံး၊ ထွန်တံ၊ နွားပြည့်စုံကာ ဆိုင်ကယ်၊ စက်ဘီး၊ လပ်တော့အသေး၊ ရွှေငွေ အသင့်အတင့်ရှိကြောင်း တွေ့ရသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများတွင် သွပ်မိုး ထရံကာ နှင့် အချို့ ဓနိမိုး ထရန်ကာ၊ အိမ်သေးများနှင့် နေထိုင်ပြီး ဆိုင်ကယ်၊ စက်ဘီး၊ လပ်တော့ အသေး၊ အချို့အိမ်ထောင်စု အနည်းငယ်မှ ပိုင်ဆိုင်ကြသည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု မြင့်မားပြီး (၇၉%)အထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေ ရရှိပြီး ဝင်ငွေများရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၇၀စု၏ ၃၀%အား လေ့လာကြည့်ရာ ၁၇.၃%သည် အလုပ် လုပ်ပြီး (၃)လအောက်စားသောက်နိုင်ကြောင်း၊ ၃၀.၄%သည် လုပ်အားခကြိုတင်ထုတ်ပြီး (၃)လနှင့် (၆)လအောက် ၂နပ်စားနိုင်ကြောင်းနှင့် ၅၂.၁%မှာ (၆)လမှ (၁၂)လခန့် သူတစ်ပါးထံမှ လုပ်အားခ ကြိုတင်ထုတ်ယူပြီး အကြွေးတင်ရှိမှသာ နပ်မှန်စွာ စားသုံးနိုင်ကြကြောင်း လေ့လာ တွေ့ရှိရသည်။ ၄င်းတင်ပြခဲ့သော အိမ်ထောင်စုများမှာ ထိခိုက် နစ်နာလွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။ အိမ်ထောင်စု (၁)စု၏ အကြွေးတင် ရှိမှုသည် ကျပ် ၅၀၀၀၀၀/-မှ ကျပ် ၃၀၀၀၀၀၀/-ထိ (၁)နှစ်ပတ်လုံး အကြွေးတင်ရှိနေကြောင်းလည်း

တွေ့ရသည်။ အိမ်ထောင်စုများအားလုံးသည် အတည်တကျ ဝင်ငွေနှင့် လုပ်အားမရှိကြသဖြင့် စားဝတ်နေရေးခက်ခဲမှု ပြဿနာများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ကျေးရွာတွင် ၆ဂနှစ်နှင့်အထက် အသက်ကြီးရွယ်အို ၄ဂကျော် ရှိသော်လည်း မိသားစုနည်း၍ စောင့်ရှောက်မှု အထူးလိုအပ်သော သက်ကြီးရွယ်အို ကျား(၃)ဦး၊ မ(၄)ဦး၊ ပေါင်း(၇)ဦး၊ ဆင်းရဲသော အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု (၁၂)စု၊ မုဆိုးဖိုဦးဆောင်သော အိမ်ထောင်စု (၃)စုကို တွေ့ရသည်။ ၄င်းဖော်ပြခဲ့သော သက်ကြီးရွယ်အိုများ၊ အိမ်ထောင်စုများသည် ဆင်းရဲ၍ ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။

ပြည်တွင်း/ပသို့ သွားရောက်ပြီး ဝင်ငွေ ရရှိရေးအတွက် သွားရောက် အလုပ် လုပ်ကိုင်ကြသည့် လူငယ်/ရွယ် များသည်လည်း ကွမ်းယာ၊ ဆေးလိပ်၊ အရက်နှင့် အပျော်အပါးများ အလွယ်တကူရရှိခြင်းကြောင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် မလိုလားအပ်သည့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်သဖြင့် ထိခိုက်သက်ရောက်မှုခံရနိုင်သည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျွန်တော်တို့ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပေ။ ၂၀၁၅-၁၆ ခု ကျန်းမာရေး စီမံချက်ဖြင့် (၂)လတစ်ကြိမ် ရွာသူ/သားများအား ကျန်းမာရေး စစ်ဆေးမှု၊ စမ်းသပ်ကုသပေးမှုများ ပြုလုပ်ပေးသည့် အတွက် ကျန်းမာရေး အသိပညာဗဟုသုတ အသင့်အတင့် ရှိကြသည်။ ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျား၊ အသက်ရှူလမ်းကြောင်း၊ ကူးစက်ရောဂါစသော ရောဂါဖြစ်ပွားမှု များ မရှိသလောက်နည်းပါးကြောင်း တွေ့ရှိရသည်။

ကျေးရွာတွင် ရေကောင်းရေသန့်သုံးစွဲခြင်း၊ ယင်လုံအိမ်သာ သုံးစွဲခြင်း၊ ခြင်ကိုက်မှုမဖြစ်ပွား အောင် အထူးဂရုစိုက်ကြသဖြင့် ယခင်နှစ်များအထက် သွေးလွန် တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှုန်း နိမ့်ကျသည်။ကလေးငယ် အများစုလည်း ကျန်းမာရေး ကောင်းမွန်ကြသည်။ အဟာရချို့တဲ့မှု မရှိပေ။ အဂလွန်သူများတွင် သွေးတိုးရောဂါ အဖြစ်များကြောင်း တွေ့ရသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် ပညာရေးနှင့် ပတ်သက်၍ အားနည်းကြောင်းတွေ့ရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တက်မြောက်ကြသော်လည်း အထက်တန်း နှင့် ဘွဲ့ရအရေအတွက် နည်းပါးသည်။ ပညာရေးအဆင့်တွင် မူလတန်း ပညာရေး ပြီးဆုံးသူ ဦးရေ ၂၇.၇၀%၊ အလယ်တန်းပညာရေး ပြီးဆုံးသူ ဦးရေ ၁၆%၊ အထက်တန်း ပညာရေး ပြီးဆုံးသူ ဦးရေ ၃%၊ တက္ကသိုလ်ပညာရေး ပြီးဆုံးသူဦးရေ ၆%သာ တွေ့ရှိရသည်။ ထို့ကြောင့် ကျေးရွာ၏ ပညာတတ်မြောက်မှုနှုန်း အထူးအားနည်းပြီး မိသားစုဝင်များ ဆင်းရဲပြီး စားဝတ်နေရေး အတွက် အလုပ်လုပ်ရသဖြင့် ပညာသင်ကြားမှုပိုင်းတွင် အားနည်းသည်ဟု ထင်မြင်ယူဆမိပါသည်။

**(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် အမျိုးသမီးနှင့် အမျိုးသားများသည် လူမှုရေး၊ ဘာသာရေး လုပ်ငန်းများတွင် အတူတကွ ပူးပေါင်းပါဝင် လုပ်ကိုင်ကြသည်။ သို့သော် ခေါင်းဆောင်ပိုင်းဆိုင်ရာများတွင် အမျိုးသမီးများ ပါဝင်လုပ်ဆောင်ခွင့် အစဉ်အလာမရှိသဖြင့် ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသမီးများ ခေါင်းဆောင်ပါဝင်မှု အားနည်းသည်ကို တွေ့ရသည်။ ဒေသတွင်းအေးချမ်း တည်ငြိမ်မှု ရှိသည့်အတွက် အမျိုးသမီးများ မိန်းကလေးများအား အိမ်တွင်းအကြမ်းဖက်မှု ခွဲခြား ဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ အမျိုးသမီးများ ခေါင်းဆောင်ပါဝင်မှု အားနည်းခြင်း၊ လုပ်ငန်းခွင် ကန့်သတ်မှု ရှိခြင်းတို့ကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ ဝင်ငွေ လျော့နည်းကြောင်း တွေ့ရသည်။

ပညာရေးနှင့်ဆိုင်သော ကိန်းဂဏာန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် ဝင်တန်းများတွင် မိန်းကလေးအရေအတွက် အနည်းငယ် နည်းသော်လည်း ပညာ သင်ယူရေး ဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်။ နည်းပညာ ဖွံ့ဖြိုးတိုးတက် လာသည့်အတွက် ကျား/မရေးရာ ကိစ္စရပ်ဆိုင်ရာ ဗဟုသုတအသိအမြင် အသင့်အတင့် ကြွယ်ဝမှုရှိကြောင်း တွေ့ရသည်။

**၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးအသင်း(၂)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့ကို ကျေးရွာလူထု ကိုယ်တိုင် ခေါင်းဆောင်ကာ ဖွဲ့စည်းထားသည်။ ၄င်းအဖွဲ့များမှာ ရပ်ရေးရွာရေး များတွင် စိတ်ဝင်စားစွာ လုပ်ကိုင်ကြသော်လည်း အချင်းချင်းအပြန်အလှန် ယုံကြည်မှု အားနည်းကြောင်း တွေ့ရှိရသည်။ ညှိနှိုင်းဆွေးနွေးမှု အားနည်းခြင်း၊ ပုဂ္ဂိုလ်ရေးအရ အားပြိုင်မှုများကို ကျေးရွာအတွင်း၌ တွေ့ရသည်။ ကျေးရွာတွင် ပြင်ပမှ ဖွဲ့စည်းပေးထားသော လူမှုရေး အသင်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့၊ ငွေစုငွေချေး အဖွဲ့နှင့် အခြား ဖွဲ့စည်းပေးထားသော အသင်းအဖွဲ့ဟူ၍ မရှိချေ။ ကျေးရွာရှိ အဆိုပါ အဖဲွ့အစည်းများအား ကောင်းမွန်သော အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းများ ပေးခြင်း၊ ခေါင်းဆောင်မှုသင်တန်းနှင့် ပူးပေါင်းပါဝင် ခြင်းဆိုင်ရာ သင်တန်းများ ပေးခြင်းဖြင့် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုများ ကောင်းမွန်လာစေပြီး၊ ကျေးရွာဖွံ့ဖြိုးရေး အတွက် အထောက်အကူပြုပြီး ပိုမိုတိုးတက်ကောင်းမွန် လာစေနိုင်မည် ဖြစ်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာ၏ အဓိက စိုက်ပျိုးရေး သီးနှံမှာ စပါးနှင့် ပဲတီစိမ်းဖြစ်သည်။ မိုးစပါး (၁၇၃)ဧကကျော် စိုက်ပျိုးနိုင်သည်။ ပဲတီစိမ်းအား ဆောင်းသီးနှံ သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ မိုးစပါး ပျမ်းမျှ(၁)ဧက ၅၀တင်း ထွက်ရှိပြီး၊ အမြင့်ဆုံး ၆၀တင်းမှ အနိမ့်ဆုံး ၄၀တင်းခန့် ထွက်ရှိ

သည်။ ဆောင်းသီးနှံအဖြစ် ပဲတီစိမ်းကို သီးထပ်အဖြစ် စိုက်ပျိုး၍ ၁ဧကပျှမ်းမျှ ၁၀တင်းခန့်သာ ထွက်ပြီး၊ အမြင့်ဆုံး၁၅ တင်း၊ အနိမ့်ဆုံး ၇တင်းသာ ထွက်ရှိကြောင်း တွေ့ရသည်။

ဓါတ်မြေဩဇာ မျိုးစေ့နှင့် ပိုးသတ်ဆေးများအား ခရမ်းမြို့မှ ရရှိနိုင်သည်။ စိုက်ပျိုးရေး ပစ္စည်းရောင်းဝယ်သော ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများ ပေးသည်။ တောင်သူအများစုမှာ ဆင်းရဲသဖြင့် ဓါတ်မြေဩဇာများ လုံလောက်စွာ မသုံးစွဲနိုင်ခြင်း၊ ဓါတု ပိုးသတ်ဆေးများ အရည်အသွေးမပြည့်မီခြင်း၊ ပြင်ပမှ အတိုးမြင့်စွာ ချေးယူစိုက်ပျိုးရခြင်း၊ လုပ်သား အင်အား ရှားပါး၍ ဈေးပိုပေးရခြင်းနှင့် သီးနှံပေါ်ချိန်တွင် သင့်တင့်သော ဈေးနှုန်းများ မရရှိခြင်းတို့ကြောင့် အမြတ်ရရှိမှု နည်းပါးသည်ကိုလည်း ကြုံတွေ့ရပါသည်။

ကျေးရွာတွင် မွေးမြူရေးနှင့် ပတ်သက်၍ နွားကို လယ်ယာသုံးလုပ်ငန်းအတွက် အဓိကထား မွေးမြူကြပြီး ကြက်၊ ဝက်၊ ဘဲနှင့် ဆိတ်တို့အား တစ်ပိုင်တစ်နိုင်အနေဖြင့် အိမ်ထောင်စု အများအပြား မွေးမြူထားကြသည်။ တိရိစ္ဆာန်အတွက် လိုအပ်သော အစာ အစာနှင့် ဆေးဝါးများအား ခရမ်းမြို့မှ ရရှိနိုင်သည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရိစ္ဆာန် ရောဂါများလည်း ကြုံတွေ့နေရသည်။ မွေးမြူရေး လုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများ အနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင် တိုးချဲ့ စိုက်ပျိုးရန်၊ ချေးငွေထုတ်ချေးသည့် ဝန်ဆောင်မှု မရရှိခြင်းပင် ဖြစ်သည်။ ငွေကြေးပြေလည်သူများ ထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမြင့်မားသဖြင့် အမြတ်အစွန်း ရရှိမှု မတွေ့ရပေ။ ကျေးရွာတွင် ငါးမွေး မြူရန်အတွက် မြေနေရာခက်ခဲမှု ရှိသဖြင့် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင်ဝင်ငွေရ အသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု (၃)စုသည် ဈေးဆိုင်(၃)ဆိုင်ထူထောင်၍ ကျေးရွာတွင်းအား စားသောက်ကုန်၊ ကုန်စိမ်းအား လက်လီ ရောင်းချပေးသည်။ အကြွေးစနစ် ရောင်းမှသာ အနည်းငယ် ရောင်းရသည့် အတွက် လုပ်ငန်း လည်ပတ် နိုင်အောင် ရုန်းကန်နေရကြောင်း တွေ့ရသည်။ လက်လုပ်လက်စား အလုပ်သမားများ မှာလည်း စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များ ရှိကြပြီး၊ ကျန်အချိန်တွင် အလုပ်အကိုင်နှင့် ဝင်ငွေ မရရှိခြင်းကြောင့် တွက်ချေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ များပြားပြီး အသက်မွေးဝမ်းကျောင်း သင်တန်း တချို့တက်ရောက်ရန်နှင့် လုပ်ငန်းထူထောင်ရန် အခကြေးငွေ မတတ်နိုင်ကြချေ။ လုပ်ငန်းခွင်သုံး ပညာရေးပိုင်းတွင်လည်း အားနည်းမှု ရှိသည်ကို တွေ့ရသည်။ သို့ရာတွင် ခရမ်းမြို့နယ်နှင့် ၅မိုင်သာ ကွာဝေး၍ အလွယ်တကူသွားလာနိုင်သော ကြောင့် အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ရန်ကုန်နှင့် ခရမ်းမြို့ပေါ်တွင် သွားရောက် လုပ်ကိုင်နိုင်သဖြင့် သင့်တင့်သော လုပ်ငန်းဝင်ငွေများ ရရှိ နိုင်ကြသည်။

**(ဃ)သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးနှင့် ပဲကိုသာ ထပ်တလဲလဲ စိုက်ပျိုးရသည့် အတွက် မြေဆီမြေသြဇာ ကြွယ်ဝမှုအားနည်းလာသည်။ ပိုးသတ်ဆေးကုမ္ပဏီများသည် မိမိဆေးရောင်းချရေးကိုသာ အဓိကထား၍ အရည်အသွေးနိမ့်ပိုးသတ်ဆေးများ ထုတ်လုပ်မှုကြောင့် မကြာခဏ ဆေးဖြန်းရသည့် အတွက် ဖျက်ပိုးများဆေးယဉ်ပါးလာပြီး ရောဂါကျရောက်မှု ပိုများလာကာ နှိမ်နင်းရာတွင်လည်း ထိရောက်မှု မရှိပေ။ လျှပ်စစ်ကျဉ်စက်တိုက်၍ ငါးဖမ်းမှုပြုလုပ်သဖြင့် ငါးမျိုးကွဲများ မရှိသလောက် ရှားပါးလာသည်ကို တွေ့ရသည်။ အမှိုက်နှင့် ပလပ်စတစ်များ ချောင်း/မြောင်းထဲသို့ စည်းကမ်းမဲ့စွန့်ပစ်ကြသဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အသိနည်းပါးသည်ကိုလည်း တွေ့ရသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေကို ၁ဧက ကျပ် - ၁၅၀၀၀၀/-ကို ၂၀၁၆ခုနှစ် မိုးတွင်းမှ စတင်တိုးမြှင့် ထုတ်ချေးသော်လည်း (၁၀)ဧကအထိသာ ချေးငွေများရရှိကြသည်။ ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေ ၁ဧက ငွေကျပ် - ၂၀၀၀၀/- ရရှိပြီး ပြန်ဆပ်ကာလမှာ မိုးသီးနှံအတွက် (၁၀)လ အတိုးနှုန်း (၇၅ပြား)၊ ဆောင်းသီးနှံ (၇)လကြာပြီး ပြန်လည်ပေးဆပ်ရသည်။ ထုတ်ချေးသည့် အချိန်မှ အပ ကျန်အချိန်များတွင် လိုအပ်သလို ထုတ်ချေးခွင့်မပြုပေ။

မိတ်ဆွေနှင့် ဆွေမျိုးများထံမှ လည်းကောင်း၊ ငွေတိုးချေးသော သူများထံမှ လုပ်ငန်း ကြိုတင် ငွေထုတ်၍ လုပ်ငန်းလက်လှမ်းမီမှုများရှိကြသည်။ သို့သော် ချေးငွေများမှာ အကန့်အသတ်နှင့်သာ ဖြစ်ပြီး အခြား မွေးမြူရေး ချေးငွေ ထုတ်ချေးသော အဖွဲ့များ မရှိပေ။ ပြင်ပမှ ချေးသော ငွေများမှာ အတိုးနှုန်းမြင့်မားပြီး ယုံကြည်သူများကိုသာ ထုတ်ချေးလေ့ရှိကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းသာရှိသည်။ စာသင်ကျောင်း အရွယ်အစားမှာ အလျား ၆၀'× အနံ ၃၀'×အမြင့် ၁၂' ရှိသော(၁)ထပ်ကျောင်း ဆောင်ဖြစ်သည်။ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းဖြစ်ပြီး အနည်းငယ် ပျက်စီးနေကြောင်း တွေ့ရသည်။ ကျောင်းသုံး ပရိဘောဂ များလည်း လုံလောက်မှု မရှိသေးပေ။ ကျေးရွာအတွင်း၌သာ တည်ရှိပြီး ခြေလျင် လျှောက်၍ ကျောင်းတက်ကြသည်။ ကျောင်းဆရာ/မ (၄)ဦးရှိပြီး၊ မူလတန်းကျောင်းနေအရွယ် ၃၆.၃% ရှိသောကြောင့် ဆရာ/တပည့်အချိုးသည် ၁ : ၁၀နီးပါးရှိသည့် အတွက် သင်ကြားမှုပိုင်းတွင် နိုင်နင်းမှုရှိသည်။ အစိုးရမှ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးသောကြောင့် ဆင်းရဲနွမ်းပါးသော ကျောင်းသူ/သားများ ကျောင်းနေနိုင်ရန် အတွက် အထောက်အကူ တစ်ခု

ဖြစ်ကြောင်း တွေ့ရသည်။ လိုအပ်သော ကျောင်းသုံး ကိရိယာများကို မိဘများက ဝယ်ပေးကြသည်။ ဆင်းရဲသော်လည်း အိမ်ထောင်စု အားလုံးနီးပါး မူလတန်းပညာ သင်ကြားပေးနိုင်ကြသည့် အတွက် ပညာရေး အလားအလာ ကောင်းသည်ဟု သတ်မှတ်သည်။ အားကစားကွင်း မရှိသည့် အတွက် အားကစားနှင့် သက်ဆိုင်သော ပစ္စည်းကိရိယာများ လက်လှမ်းမီမှု မရှိပေ။

ကျန်းမာရေးနှင့် ပတ်သက်၍ ကျေးလက်ဆေးပေးခန်း(၁)ခု ကျေးရွာတွင် ထားရှိရန် လိုအပ်ပါသည်။ ရောဂါကြီးမားစွာ မဖြစ်ပွားသော်လည်း ရာသီအလိုက် ရောဂါဖြစ်ပွားမှုမှာ အစဉ်အမြဲ တွေ့ကြုံနေရတတ်သည်။ ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သော ဆေးဝါးကုသမှု ပြုလုပ်နိုင်ပြီး ဆေးနှင့် ပတ်သက်သော အသုံးအဆောက်ပစ္စည်းများ ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ပြည့်စုံလုံလောက်မှုရှိပြီး (၂၄)နာရီ ဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။

သောက်သုံးရေရရှိရေးမှု နှင့်ပတ်သက်၍ စက်တပ်အဝီစိတွင်းနှင့် ကျေးရွာ သောက်သုံးရေကန်မှ (၁)နှစ်ပတ်လုံး လုံလောက်စွာ ရရှိနိုင်သည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲခြင်း၊ ရေကောင်းရေသန့် သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများ အတွက် အသုံးပြုရန် လွယ်ကူသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူ နိုင်ရန် နေရာသီးသန့်မရှိပေ။ ကျေးရွာရှိ ရပ်ရေး/ရွာရေး၊ ဘာသာရေးပွဲတော်များတွင် တက်ကြွစွာ ပါဝင်လုပ်ကိုင် ဆောင်ရွက်ကြသည်။ လူငယ် ဖွံ့ဖြိုးရေး ပရဟိတ အဖွဲ့သီးသန့်ဖွဲ့စည်း မဆောင်ရွက် နိုင်သော်လည်း ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်၍ ယဉ်ကျေးမှု အမွေအနှစ်ကိုလည်း ထိန်းသိမ်း ဆောင်ရွက်သည်။ စာကြည့်တိုက် သီးသန့်မရှိခြင်း၊ အင်တာနက် ချိတ်ဆက်မှုများ အားနည်းသည်ကိုလည်း တွေ့ရသည်။

## (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာအတွင်းရှိ ရွာလယ်လမ်းကို ၂၀၁၄-၁၅ ခုနှစ်က ပေ(၁၈၀၀)အရှည်ရှိ (၄'×၄") ကျောက်ချောလမ်းကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ငွေကျပ် ၂၅ သိန်း မတည်၍ ကျေးရွာလူထု စိုက်ငွေ ကျပ် (၃၅)သိန်းဖြင့် ကွန်ကရစ်လမ်း ခင်းခဲ့သည်။ ရွာလမ်းသွယ်မှ လှည်း၊ ထော်လာဂျီသွားနိုင်သော မြေသားလမ်း ဖြစ်သည်။ ကုန်ထုတ်လမ်း မရှိခြင်း၊ ချဉ်းကပ်လမ်းမှာ (၅)မိုင်ခန့် ကွာဝေး၍ မြေသား၊ ကန်သင်းလမ်းသာ ဖြစ်ခြင်း၊ ကျေးရွာချင်းဆက် ကန်သင်းလမ်းများ ဖြစ်ခြင်းကြောင့် မိုးတွင်း၌ သွားလာရ ခက်ခဲပြီး သင်ယူပို့ဆောင်ရန် အခက်အခဲနှင့် ကြုံတွေ့ရသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိပဲ ကုန်စည်သယ်ယူပို့ဆောင်ရေး အတွက် စက်ဘီး (၅၀)စီးနှင့် ဆိုင်ကယ် (၃၆)စီးကို တစ်နှစ်ပတ်လုံး သွားလာရာတွင် အသုံးပြုသည်။

ကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသည့် အတွက် လျှပ်စစ်သွယ်တန်းနိုင်မှု မပြုလုပ်နိုင်ပေ။ တစ်အိမ်သုံး ဆိုလာ၊ ဘတ္ထရီ အသေးစားအား အိမ်ထောင်စု (၆၁)စုမှ သုံးစွဲ သည်ကို တွေ့ရသည်။ ဒီဇယ်သုံး အင်ဂျင်စက်ရှိသော အိမ်ထောင်စု(၁၀)စုမှ ရုံဖန်ရုံခါတွင် အသုံးပြုကြောင်း တွေ့ရသည်။ ကျန်ဆင်းရဲသော အိမ်ထောင်စုအချို့မှာ ဓါတ်လောင်စာ၊ ဖယောင်းတိုင်ကိုသာ သုံးစွဲနေရကြောင်း တွေ့ရသည်။

ကျေးရွာတွင် အိမ်တိုင်း၌ ဖုန်းအသုံးအပြုနိုင်ကြသဖြင့် သတင်း၊ ဆက်သွယ်ရေးနှင့် ပတ်သက်၍ အထူးကောင်းမွန်ကြောင်း တွေ့ရသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နှင့် ထူးခြားဖြစ်စဥ်များ နည်းပါးပြီး အေးချမ်းစွာ နေထိုင်ကြောင်းတွေ့ရသည်။ သဘာဝဘေးအန္တရာယ် ကာကွယ်မှုကို ရေဒီယို ရုပ်သံလိုင်းများမှ တစ်ဆင့် သိရှိရ သော်လည်း လူထုအခြေပြု သဘာဝ ဘေးအန္တရာယ် လျော့ချရေးအစီအစဥ်များ မရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်မှု ပြုလုပ်နိုင်ကြပြီး လုံခြုံရေး အကူအညီ များလည်း ရရှိနိုင်ပေသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် မိုးရေကိုသာ အဓိက စိုက်ပျိုးသော လယ်ယာမြေဧက (၁၇၃)ဧကအား အိမ်ထောင်စု (၁၉)စုမှ ပိုင်ဆိုင်ကြသည်။ မိုးစပါးနှင့် ဆောင်းသီးနှံအဖြစ် ပဲတီစိမ်းကို အဓိကထားစိုက်ပျိုးသည်။ သီးထပ်စိုက်ပျိုးနိုင်ပြီး ပဲဈေးကောင်းလျှင် တောင်သူများ ဝင်ငွေရရှိမှု မြင့်မားပြီး အမြတ်အစွန်း ပိုမိုရရှိကြသည်။ ထရန်ကန်ကျေးရွာတွင် ကွန်ဒေါင်းထယ်စက် (၆)စီးနှင့် ရေစုပ်စက် (၃)လုံး ပိုင်ဆိုင်ကြကြောင်း တွေ့ရသည်။ လက်ရှိ အနေအထားတွင် စိုက်ပျိုးရေး အတွက် နွားကို အဓိကထား အသုံးပြုနေရသေးကြောင်းလည်း တွေ့ရသည်။

စိုက်ပျိုးရေးသွင်းအားစုများ အနေဖြင့် ဆေးဓာတ်မြေသြဇာ ရောင်းချပေးသော စိုက်ပျိုးရေး ကုမ္ပဏီများ အများအပြား ရှိကြပြီး အပြိုင်အဆိုင် ရောင်းချခြင်းကြောင့် တောင်သူများအနေဖြင့် ကြိုက်နှစ်သက်ရာ ရွေးချယ်ဝယ်ယူနိုင်ကြသည်။ သီးနှံပေါ်ချိန်တွင် ပွဲစားများမှ တစ်ဆင့် သော်လည်းကောင်း၊ ကိုယ်တိုင် ခရမ်းသို့ တက်ရောက် ရောင်းချခြင်း၊ ပဲပွဲရုံ၊ စပါးပွဲရုံများ မြို့ပေါ်တွင် ရှိခြင်းကြောင့် ကုန်သွယ်မှု အားကောင်းသည်။ မြန်မာ့စိုက်/ဘဏ်မှ ချေးငွေများ ရရှိနိုင်သော်လည်း ကန့်သတ်ချက်ရှိသည်။ တစ်ဧကလျှင် ငွေကျပ် - ၁၅၀၀၀၀/- ချေးပေးပြီး အများဆုံး (၁၀)ဧက အထိသာ ထုတ်ချေးပေးသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်များ ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် ကြက်၊ ဝက်နှင့် နွားတို့ကို တိုးချဲ့ မွေးမြူရန် အခွင့်အလမ်းသာသည်။ တစ်ပိုင်တစ်နိုင် မွေးမြူကြသဖြင့် အနီးအနားရှိ ရွာများနှင့် ခရမ်းမြို့ပေါ်သို့ တိုက်ရိုက် ရောင်းချနိုင်သည်။ သို့သော် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများကိုလည်း ရရှိရန် လိုအပ်နေပေသည်။

ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးနှင့် ပတ်သက်၍ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသော်လည်း ဆိုလာ၊ ဘထ္ထရီမီးသုံးစွဲနိုင်သူ ၆၀%အား တွေ့ရသဖြင့် လူနေမှု အဆင့်အတန်းမြင့်မား တိုးတက်လာသည်ဟု ယူဆသည်။ ပညာရေးတွင် မူလတန်းအဆင့်၌ အစိုးရကူညီ ပံ့ပိုးမှုကြောင့် အသင့်အတင့် ကျောင်းထားနိုင်ကြသော်လည်း အလယ်တန်းနှင့် အထက်တန်းတွင် ပညာသင်ကြားနိုင်သူနည်းပါသည်။ မိသားစု ဝမ်းစာ အခက်အခဲကြောင့် ကျောင်းထွက်ရသူ များကြောင်းလည်း တွေ့ရသည်။

လူဦးရေအားလုံး၏ ၆၅%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ခြင်းကြောင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ သင်ကြားစေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် လူသား အရင်းအမြစ်များ တိုးတက် ကောင်းမွန်စေပါသည်။

ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်မှုရှိသည်။ စိုးရိမ်ရသော ဆေးဝါးကုသမှု အတွက်လည်း ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် သွားရောက်၍ ဆေးကုသမှုများ ခံယူနိုင်ပြီး (၂၄)နာရီ ဖွင့်လှစ်ထားသည့် ဝန်ဆောင်မှုလည်းရှိသည်။

ကျေးရွာတွင် ရာဇဝတ်မှု၊ မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်သည်။ အခြားသတင်း အချက်အလက်များကို ရေဒီယို၊ ရုပ်သံလိုင်းများမှတစ်ဆင့် သိရှိနိုင်ကြသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ သီးထပ် စိုက်ပျိုးနိုင်သည်မှ အပ အခြား သယံဇာတ မထွက်ရှိပါ။ လယ်ယာမြေ တိုးချဲ့စိုက်ပျိုးရန် မြေမရှိသည့် အတွက် လယ်သမားများ အဖို့ အထွက်နှုန်း တိုးမြှင့်အောင် နည်းလမ်းကောင်းများ ရှာဖွေရန် လိုအပ်သည်။ မိုးရေကိုသာ အဓိကထား စိုက်ပျိုးသော်လည်း မိုးများလွန်းလျှင် ရေထွက်စရာ နေရာမရှိသဖြင့် လယ်မြေရေလွှမ်းသည့် ဒဏ်ကိုလည်း ခံနေကြရသည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း စပါးခင်း၊ ပဲတီစိမ်း စိုက်ခင်းများတွင် ကျရောက်တတ်သည်။ သို့ဖြစ်ပါ၍ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များ ရရှိရန် လိုအပ် သည်။

ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားသည်။ မွေးမြူရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ အတွက် ငွေရင်းနှီးမြှုပ်နှံမှု လုံလောက်သော ချေးငွေများ ရရှိရန် အခက်အခဲရှိသည်။ အစိုးရဌာနနှင့် ပုဂ္ဂလိက ဌာနများမှ မွေးမြူရေးနှင့် ချေးငွေလိုအပ်သော အိမ်ထောင်စုများ၊ အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေသူများ အတွက် သင့်တော်သည့် ချေးငွေ ဝန်ဆောင်မှုများ ရရှိရန် လိုအပ်ပေသည်။

ကျေးရွာ မီးလင်းရေးအတွက် ဆိုလာ၊ ဘက်ထရီ၊ အင်ဗာတာ စသည့် ပစ္စည်းများအား အရစ်ကျ စနစ်ဖြင့် ထုတ်ပေးပြီး လုပ်ဆောင်ပါက ကျေးရွာရှိ ကျောင်းသူ/သားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ကာ လူနေမှု အဆင့်အတန်း တိုးတက်ဖွံ့ဖြိုးလာနိုင်မည် ဖြစ်သည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးရွာ လူထုကိုယ်တိုင် (၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည် -

(က-၁) ကျွန်ုပ်တို့ ကျေးရွာ လူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ အသက်မွေးပညာသင်တန်းများ ရရှိခြင်းမှ တစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်း နှင့် စီးပွားရေး အနေအထားကို တိုးတက် ရရှိစေသည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှ တစ်ဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရေးနယ်ပယ်ကို ကျယ်ဝန်း လာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်း နှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှ တစ်ဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

(ခ -၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာ အသုံးချနိုင်စွမ်း ရရှိရေး တို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက် သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများ အတွက် မြို့နယ်ရှိ ဘဏ်များ၊ ရင်းနှီးငွေ ရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အတွက် ခွဲဝေ ချထားပေးမည်။

အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာသင်တန်းများ တက်ရောက်နိုင်ရေး အတွက် သက်ဆိုင်ရာ နည်းပညာ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်း တက်ထားသူများက တဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

(ခ -၂) လယ်မဲ့၊ ယာမဲ့များနှင့် လယ်ယာမြေအနည်းငယ် ပိုင်ဆိုင်သူများကို အိမ်ခြံဝင်း၊ ဥယျာဉ်စိုက်ပျိုးရေး အားပေး ဆောင်ရွက်မည်။ လယ်မဲ၊ ယာမဲ့များ၊ ဆင်းရဲသားများ ဝင်ငွေ တိုးတက်စေရန် အတွက် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ကျွမ်းကျင်မှုများ ဖော်ဆောင်ပေးရေး၊ စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှု ကျွမ်းကျင်ရေး လုပ်ငန်း အသစ်များ စွန့်ဦးတည်ထွင် လုပ်ကိုင်ရေး၊ တစ်နိုင်တစ်ပိုင် ကျေးလက် ကုန်ထုတ် လုပ်ငန်းများ တိုးပွားလာပြီး အနီးအနားတစ်ဝိုက် ဈေးများတွင် ထုတ်ကုန်များ ရောင်းချရေး တို့ကို လုပ်ရပါမည်။

(ခ -၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်း တစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်း တိုးမြှင့် လာရေး အတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မ ခန့်ထားမှု ရရှိနိုင်ရေး အတွက် ဆောင်ရွက်သွားမည်။

(ခ -၄) ကျေးရွာတွင် အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်ရေး အတွက် ဆောင်ရွက် သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာ အဆောက်အအုံများကို အသုံးပြုစီမံ ခန့်ခွဲ၊ ထိန်းသိမ်းရေး အတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွား ကြမည်။ ကျေးရွာ လူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြု လုပ်ငန်းများ အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရေး ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုင်တွန်းအားပေး ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံ ပြုချက် အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသာ ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးရေး ကဏ္ဍမှ ဂင်ငွေပိုမိုရရှိလာစေရေး**

ကျေးရွာတွင် စပါးအပြင် ပဲတီစိမ်းကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။နည်းပညာအသုံးပြုပုံများအပါအဝင်ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ်ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေ လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါ ယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူ ရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက်

လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး အောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံ ချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှု မရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic

classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification) –ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi - cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ထရန်ကန်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***လယ်ယာစိုက်ပျိုး ရေးကဏ္ဍ*** | | | | | |
| ***အခြေခံအဆောက် အအုံနှင့်နည်းပညာ သင်တန်း*** | ၁။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ ကျွမ်းကျင်မှုများတိုးတက်ရေး | ၈၃ | ၃ | • စိုက်ပျိုးရေးသွင်းအားစုများ ဆက်သွယ်မှုရရှိရန်<br>• ဈေးကွက်နှင့်သတင်းချိတ်ဆက်လုပ်ဆောင်မှုပြုလုပ်ရန်<br>• မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း<br>• စပါးအထွက်တိုးနည်းပညာသင်တန်း(ပိုးမွှားရောဂါ)<br>• ရိတ်သိမ်းချွေလှေ့စက်များလုံလောက်စွာရရှိရန်ပုဂ္ဂလိကလုပ်ငန်း ရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • ကျေးလက်/ ဦးစီး |
| ***မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ*** | | | | | |
| **ဈေးကွက်နှင့်နည်းပ ညာ သင်တန်း** | ၂။ မွေးမြူရေးလုပ်ငန်းဆိုင်ရာတိုးတက်ရေး | ၄၉ | ၁၀ | • စီးပွားဖြစ်ငါးမွေးမြူလုပ်ကိုင်နိုင်ရန်ဆောင်ရွက်ခြင်း<br>• တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများတိုးချဲ့နိုင်ရေး<br>• ရောဂါကျရောက်မှုကိုကာကွယ်တားဆီးနိုင်သည့်နည်းပညာ ဝန်ဆောင်မှုရရှိရေး | • မွေး/ကုဦးစီး |
| ***အခြား ဝင်ငွေရ လုပ်ငန်းများ*** | | | | | |
| **သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း** | ၃။ အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရေး | ၆၁ | ၇ | • အသေးစားလုပ်ငန်းများအတွက်သင့်တော်သည့်အတိုးနှုန်း ဖြင့်ချေးငွေရရှိအောင်ဆောင်ရွက်ရေး<br>• Business Developmentသင်တန်းများနှင့် ဈေးကွက်ဆိုင်ရာ နည်း ပညာသင်တန်းများချိတ်ဆက်ခြင်း | • ကျေးလက်/ ဦးစီး |
| ***ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း*** | | | | | |
| **ချေးငွေ လက်လှမ်း မီရေး** | ၄။ သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး။ | ၈၁ | ၄ | • စိုက်ပျိုးရေးအတွက်ချေးငွေများတိုးမြှင့်ထုတ်ချေးခြင်း<br>• သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်လိုသူများချေးငွေရရှိ | • ကျေးလက် ဦးစီး |

| | | | | | |
|---|---|---|---|---|---|
| | | | | အောင်ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| *ပညာရေး* | | | | | |
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၅။ ကျေးရွာ၏ပညာ တတ်မြောက်မှု တိုးတက်ရေး | ၆၉ | ၆ | • ပညာတတ်မြောက်မှုအရည်အသွေးတိုးတက်အောင်ဆောင်ရွက်ခြင်း<br>• ကိုယ်ထူကိုယ်ထမူကြိုကျောင်းနှင့်ကလေးကစားကွင်းတည်ဆောက်ခြင်း | • ပညာရေး ဦးစီးဌာန |
| *သောက်သုံးရေ ရရှိရေး* | | | | | |
| **သောက်သုံးရေလုံလောက်စွာရရှိရေး** | ၆။ သောက်သုံးရေသန့်ရှင်းရေး | ၇၅ | ၅ | • သောက်သုံးရေကန်အားခြံစည်းရိုးခတ်ခြင်း ယင်လုံအိမ်သာများ<br>• ပုဂ္ဂလိကအလှူရှင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• သောက်သုံးရေဖူလုံစွာရရှိအောင်ပြင်ဆင်ထိန်းသိမ်းခြင်းနှင့်ကန်ဟောင်းများတူးဖော်ခြင်း | • ကျေးလက် ဦးစီး |
| *ကျန်းမာရေးကဏ္ဍ* | | | | | |
| **ကျန်းမာရေးတိုးတက်လာစေရေး** | ၇။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး | ၅၈ | ၈ | • ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်ကျန်းမာရေးဝန်ထမ်းရရှိရန်ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း<br>• ယင်လုံအိမ်သာများဆောက်လုပ်အသုံးပြုရန်တိုက်တွန်းခြင်း<br>• ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း | • ကျန်းမာရေး ဦးစီးဌာန |
| *လမ်းပန်းဆက်သွယ်ရေး* | | | | | |
| **လမ်းတံတားကောင်းမွန်လာစေရေး** | ၈။ ပို့ဆောင်ရေးအခြေခံအဆောက်အအုံများတိုးတက်ကောင်းမွန်လာစေရေး | ၁၀၀ | ၁ | • ကျေးရွာတွင်းလမ်းနှင့်ရွာချင်းဆက်လမ်းများအားကွန်ကရစ်ခင်းခြင်း<br>• ကျေးရွာတွင်းဘုရားလမ်းကွန်ကရစ်လမ်းခင်းခြင်း<br>• တံတားများအားပြန်လည်တည်ဆောက်ခြင်း<br>• ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | • ကျေးလက်/ ဦးစီး |
| *လျှပ်စစ်ဓါတ်အားသုံးစွဲရေး* | | | | | |
| **လျှပ်စစ်မီးရရှိရေး** | ၉။ဆိုလာမီးရရှိအောင်ချိတ်ဆက်ဆောင်ရွက် ရေး | ၉၇ | ၂ | • ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းခြင်း<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့တင်ပြခြင်း | • ကျေးလက်/ ဦးစီး |

| | | | | | |
|---|---|---|---|---|---|
| *လူငယ်ယဉ်ကျေးမှုနှင့်အားကစား* | | | | | |
| **လူငယ်များစွမ်းဆောင်ရည်တိုးတက်လာရေး** | ၁၀။လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ပေးရေး | ၅၃ | ၉ | • အခြေခံခေါင်းဆောင်မှုသင်တန်း<br>• အဖွဲ့အစည်းစီမံခန့်ခွဲမှုသင်တန်း<br>• ဆက်ဆံရေးနှင့်ပံ့ပိုးမှုတိုးတက်လာစေရေးသင်တန်း | • ကျေးလက်/ဦးစီး |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက်လာစေရေး | ၁ | | | | | |
| ၂ | ဆိုလာမီးရရှိရေး ချိတ်ဆက်ဆောင်ရွက်ရေး။ | ၂ | | | | | |
| ၃ | စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး | ၃ | | | | | |
| ၄ | လရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့် ချိတ်ဆက်ရေး | ၄ | | | | | |
| ၅ | ကျေးရွာ၏သောက်သုံးရေကိစ္စအစဉ်ပြေရေး | ၅ | | | | | |
| ၆ | ကျေးရွာ၏ပညာတက်မြောက်မှုတိုးတက်ရေး | ၆ | | | | | |
| ၇ | အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး | ၇ | | | | | |
| ၈ | ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး | ၈ | | | | | |
| ၉ | လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ပေးရေး | ၉ | | | | | |
| ၁၀ | မွေးမြူရေးဆိုင်ရာတိုးတက်ရေး | ၁၀ | | | | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး | | | | | |
| ၂ | ဆိုလာမီးရရှိရေး ချိတ်ဆက်ဆောင်ရွက်ရေး။ | | | | | |
| ၃ | စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသု တကျွမ်းကျင်မှုများတိုးတက်ရေး | | | | | |
| ၄ | သင့်တင့်သော အတိုးနှုန်း ဖြင့် ကာလ ရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | | | | | |
| ၅ | ကျေးရွာ၏သောက်သုံးရေကိစ္စအစဉ်ပြေရေး | | | | | |
| ၆ | ကျေးရွာ၏ပညာတက်မြောက်မှုတိုး တက်ရေး | | | | | |
| ၇ | အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေရေး | | | | | |
| ၈ | ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုး တက်လာစေရေး | | | | | |
| ၉ | လူငယ်များစွမ်းဆောင်ရည်မြှင့်တင် ပေးရေး | | | | | |
| ၁၀ | မွေးမြူရေးဆိုင်ရာတိုးတက်ရေ | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ- မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင်ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကိုကန့်သတ် ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက်လုပ်ငန်းအလိုက်သက်ဆိုင်ရာအဖွဲ့ခွဲအားတာဝ န်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက် ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင်တိုးတက်မှုအခြေ အနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ကြီးကြပ်စစ်ဆေးအကဲဖြ တ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။သို့မှသာရည်ရွယ်သည့် အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထ ည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊အိမ်ထောင်စုများတက်ကြွစွာအတူ

ပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ ရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်

(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထား ဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင်

အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

### (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင်စီမံကိန်း၏တိုးတက်မှုအခြေအနေကိုဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏တိုးတက်မှုအခြေအနေများကိုအောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာများ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်အခြားပါဝင်သက်ဆိုင်သူများထံမှအကြံပြုချက်၊သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းပန်းဆက်သွယ်ရေး** | | | | | |
| | • ရွာတွင်းလမ်းများမကောင်းခြင်း၊<br>• ရွာချင်းဆက် မြေသားကန်သင်း လမ်းသာရှိခြင်း၊<br>• တံတားများခိုင်ခံ့မှုမရှိခြင်း၊ ပျက်စီးနေခြင်း၊<br>• ကျေးရွာကုန်ထုတ် လမ်းမရှိခြင်း၊ | • ရွာသူ/သားများ ငွေကြေးမတတ်နိုင်ခြင်း၊<br>• ပြုပြင်ထိန်းသိမ်းမှုနည်းပါးခြင်း၊<br>• ရွာချင်းဆက် မြေသားလမ်းများဖြစ်ခြင်း၊ | • ရွာသားများညီညွတ်မှုရှိခြင်း၊<br>• အုတ်၊သဲ၊ကျောက်၊ ဘိလပ်မြေအလွယ်တကူ ဝယ်ယူရနိုင်ခြင်း၊<br>• ကုန်ထုတ်လမ်းဖောက်လုပ်ရန် မြေနေရာရှိခြင်း၊ | • လမ်း/တံတားအခြေခံအဆောက်အအုံများအတွက် နည်းပညာငွေကြေး လက်လှမ်းမမှီခြင်း၊<br>• အစိုးရမှ ပံ့ပိုးမှုမရရှိခြင်း၊ | • လမ်းကော်မတီများဖွဲ့စည်းခြင်းကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ရွာတွင်းလမ်းများအားကွန်ကရစ် လမ်းခင်းခြင်း၊<br>• ရွာချင်းဆက် လမ်းများအဆင့်မြင့် ပြုပြင်ဖောက်လုပ်ခြင်း၊ | • မြေသားလမ်း၊ တံတားများအားကွန်ကရစ် လမ်းခင်းခြင်း၊ ဆောက်လုပ်ခြင်း<br>• လမ်းပြုပြင်ထိန်းသိမ်းရေး ကော်မတီဖွဲ့စည်းခြင်း၊<br>• လမ်းပန်းဆက် သွယ်ရေးတိုးတက် ကောင်းမွန်အောင်ဆောင် ရွက်ရေး၊<br>• ကုန်ထုတ်လမ်းဖြစ် အောင်ဆောင်ရွက် ရေး။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | **လျှပ်စစ် မီးလင်းရေး** | | | | | |
| | • လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း၊<br>• ဆိုလာ/ဘက်ထရီများမသုံးစွဲနိုင်ခြင်း၊ ချက်ပြုတ်ရန်ထင်းအတွက် ခက်ခဲမှုရှိခြင်း၊ | • ဆင်းရဲသားများ၍ငွေကြေးမတတ် နိုင်ခြင်း၊ လျှပ်စစ်ဓါတ်အားလိုင်းနှင့် ဝေးကွာ၍လက်လှမ်းမမှီခြင်း၊<br>• သစ်ပင်များပြုန်းတီးလာခြင်း။ | • ဆိုလာဘက်ထရီမီးများအလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊<br>• ဒီဇယ်၊ အင်ဂျင်စက်မှ လျှပ်စစ်မီးထုတ်ယူနိုင်ခြင်း ၊ | • လျှပ်စစ်မီးသွယ်တန်းရန် မဟာဓါတ်အားလိုင်းနှင့် ဝေးကွာခြင်း၊<br>• ငွေကြေးမတတ်နိုင်ခြင်း၊<br>• စွန့်ပစ်ဇီဝအမှိုက်မှ လျှပ်စစ်ဓါတ်အားထုတ်ယူသုံးစွဲနိုင်သည့်နည်းစနစ် မရှိခြင်း။ | • မီးလင်းရေးကော်မတီဖွဲ့စည်းခြင်း၊ ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>• အရစ်ကျစနစ်ဖြင့် ဆိုလာ၊ ဘက်ထရီ၊ အင်ဗာတာများရရှိအောင်ဆောင်ရွက်ခြင်း။ | • ကျေးရွာမီးလင်းရေး၊<br>• ဆိုလာဘက်ထရီမီးများအသုံးပြုနိုင်ရေး၊<br>• မဟာဓါတ်အားလိုင်းမှ မီးသွယ်တန်းနိုင်ရေး။ |
| ၃ | **လယ်ယာစိုက်ပျိုးရေး** | | | | | |
| | • စိုက်ပျိုးမြေနည်းပါးခြင်း၊<br>• မျိုးကောင်း/သန့်ရွေးချယ်မစိုက်ပျိုးနိုင်ခြင်း၊<br>• ဓါတ်မြေဩဇာအသုံးပြု | • လုပ်သားအင်အားရှားပါးခြင်း၊<br>• ခိုင်းကျွဲနွားမပြည့်စုံခြင်း၊<br>• စက်ကိရိယာများ | • ခေတ်မီစက်ကိရိယာများရှိခြင်း၊<br>• ဓါတ်မြေဩဇာဆေးကုမ္ပဏီများရှိခြင်း၊<br>• အစိုးရမှ စိုက်ပျိုးစရိတ် | • ဓါတ်မြေဩဇာနှင့်ပိုးသတ်ဆေးများဈေးနှုန်းမြင့်မားခြင်း၊<br>• ရာသီထွက်သီးနှံ | • ရေနုတ်မြောင်းများတူးဖော်ခြင်း၊<br>• အစိုးရမှစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိအောင် | • လယ်ယာသုံးစက် ကိရိယာများအရစ်ကျစနစ်ဖြင့်ဝယ်ယူ/ ငှားရမ်းနိုင်ရန် ချိတ်ဆက်ဆောင် ရွက်ခြင်း၊<br>• မျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက် ခြင်း၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | မှုအားနည်းခြင်း၊<br>• နည်းပညာအသုံးပြုမှုအားနည်းခြင်း၊<br>• အချိန်မီထွန်ယက်စိုက်ပျိုးရိတ်သိမ်းမှုများမပြုလုပ် နိုင်ခြင်း။ | လုံလောက်မှုမရှိခြင်း၊<br>• စနစ်တကျစိုက်ပျိုးမှုမရှိခြင်း၊<br>• တောင်သူများဆင်းရဲခြင်း၊<br>• ရေနုတ်မြောင်းမကောင်းခြင်း။ | ချေးငွေများထုတ်ချေးခြင်း၊<br>• ထွက်ကုန်ပစ္စည်းအားအလွယ်တကူရောင်းနိုင်ခြင်း၊<br>• လယ်ယာသုံးစက်ကိရိယာများထုတ်လုပ်သည့်ကုမ္ပဏီများရှိခြင်း။ | တစ်မျိုးတည်းကိုသာထပ်တလဲလဲစိုက်ပျိုးနေခြင်း၊<br>• အစိုးရမှချေးငွေများအချိန်မီမရရှိခြင်း၊<br>• စက်ကိရိယာများလက်လှမ်းမမီခြင်း<br>• စိုက်ပျိုးစရိတ်ကြီးမားခြင်း၊<br>• စိုက်ပျိုးသီးနှံများလေလွင့်ဆုံးရှုံးမှုများခြင်း | ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>• လယ်ယာစိုက်ပျိုးရေးစက်ကိရိယာများအရစ်ကျစနစ်ရရှိအောင် ချိတ်ဆက် ဆောင်ရွက်ခြင်း၊<br>• အရည်အသွေးပြည့်ဝသည့်ဓါတ်မြေဩဇာနှင့်ပိုးသတ်ဆေးများရရှိအောင်ဆောင်ရွက်ခြင်း၊ | • စိုက်ပျိုးရေးနည်းပညာဗဟုသုတများရရှိအောင်ဆောင် ရွက် ခြင်း၊<br>• စိုက်ပျိုးစရိတ် ချေးငွေများအချိန်မီရရှိအောင်ဆောင် ရွက်ခြင်း။ |
| ၄ | မွေးမြူရေး | | | | | |
| | • မွေးမြူရေးနှင့်သက်ဆိုင်သည့်နည်းပညာဗဟုသုတအားနည်းခြင်း<br>• ရောဂါကျရောက်မှုများခြင်း၊<br>• မြေနေရာအခက်အခဲရှိခြင်း၊ | • ငွေကြေးမတတ်နိုင် ခြင်း၊<br>• ရောဂါကျရောက်မှုတို့ကိုတားဆီးကာကွယ်နိုင်သည့်နည်းပညာဗဟုသုတအားနည်းခြင်း၊<br>• အစာဈေးနှုန်းမြင့် | • မြို့နယ်တိ/မွေးကုဦးစီးဌာနများရှိခြင်း၊<br>• အလွယ်တကူရောင်းနိုင်သည့် ဈေးကွက်ရှိခြင်း၊<br>• မွေးမြူရေးသားပေါက်များအလွယ်တကူဝယ်ယူနိုင်ခြင်း၊<br>• မွေးမြူရေးနှင့်ပတ်သက်သ | • မွေးမြူရေးလုပ်ကိုင်ရန်ချေးငွေထုတ်ချေးသည့်စနစ်မရှိခြင်း၊<br>• မွေးမြူရေးနည်းပညာအားနည်းခြင်း၊ | • မွေးမြူရေးအတွက်ချေးငွေများရရှိနိုင်အောင်အစိုးရဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>• ပုံမှန်ကာကွယ်ဆေးများထိုးနှံခြင်း<br>• နည်းပညာဝန် | • မွေးမြူရေးလုပ်ကိုင်နိုင်ရန်ချေးငွေများရရှိအောင်ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>• သားငါးပေါက်များရရှိအောင်ချိတ်ဆက် ဆောင်ရွက်ခြင်း၊<br>• စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်နိုင်ရန် ဝန်ဆောင်မှုများရရှိ အောင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | မားခြင်းကြောင့်<br>ဈေးကွက်တွက်ခြေမ<br>ကိုက် ခြင်း၊ | ညို့<br>အစာများအလွယ်တကူဝယ်<br>ယူရရှိနိုင်ခြင်း၊ | • ရောဂါကျရောက်မှု<br>များကိုထိရောက်<br>စွာမတားဆီးနိုင်<br>ခြင်း၊<br>• ငွေကြေးမတတ်<br>နိုင်ခြင်း၊<br>• စီးပွားဖြစ်မွေးမြူေ<br>ာင်ရွက်ရန်အား<br>နည်းခြင်း၊ | ဆောင်မှုများရရှိေ<br>ာင်<br>ဆောင်ရွက်ခြင်း၊<br>•မွေး/ကုဦးစီးဌာနနှ<br>င့် ချိတ်ဆက်<br>ဆောင်ရွက်ခြင်း၊ | |
| ၅ | သောက်သုံးရေသန့်ရရှိရေး | | | | | |
| | • သောက်သုံးရေမသန့်ရှ<br>င်းခြင်း၊<br>• သောက်သုံးရေကန်မျာ<br>းတိမ်ကောလာခြင်း<br>• သောက်သုံးရေမလုံေ<br>ာက်ခြင်း၊ | • သောက်သုံးရေက<br>န်များခြံစည်းရိုးခ<br>တ်ထားခြင်းမရှိခြ<br>င်း၊<br>• ကျွဲ/နွားတိရိစ္ဆာန်<br>များဆင်းခြင်း၊<br>• ပြုပြင်ထိန်းသိမ်း<br>မှုမရှိခြင်း၊<br>• ရာသီဥတုဖောက်<br>ပြန်၍ အပူရှိန်မြင့်<br>မားလာခြင်း၊<br>• ရေကိုလိုသည်ထ<br>က်ပို၍စည်းကမ်း<br>မဲ့စွာသုံးစွဲခြင်း။ | • ကန်ဟောင်းများပြုပြင်ရန်<br>စက်ကိရိယာများရှိခြင်း၊<br>• ကန်သစ်ဖောက်လုပ်ရန်မြေ<br>နေရာရှိခြင်း၊ | • ငွေကြေးမတတ်နို<br>င် ခြင်း၊<br>• အဝီစိစက်ရေတွင်<br>းများတပ်ဆင်<br>ထားမှုမရှိခြင်း၊<br>• စုပေါင်းပြုပြင်<br>ထိန်းသိမ်းမှုအား<br>နည်းခြင်း၊<br>• ကျန်းမာရေးဗဟု<br>သုတအားနည်း<br>ခြင်း၊ | • သောက်သုံးရေကန်မျ<br>ားခြံစည်းရိုးခတ်ခြ<br>င်း၊<br>• ကန်ဟောင်များထပ်<br>မံတူးဖော် ခြင်း၊<br>• ကန်သစ်တူးခြင်း၊<br>• ကျွဲ/နွားတိရိစ္ဆာန်<br>များဆင်းခြင်းကိုဥ<br>ပဒေအရတင်းကြပ်စွ<br>ာအရေးယူမှုပြုလုပ်<br>ခြင်း။ | • သောက်သုံးရေဖူလုံစွာရရှိရေး၊<br>• စက်ရေတွင်းများတူးဖော်နိုင်ေ<br>း၊<br>• သောက်သုံးရေကန်များခြံစည်း<br>ရိုးခတ်ခြင်း၊<br>• တိရိစ္ဆာန်များဆင်းခြင်းမှ<br>ကာကွယ်ထိန်းသိမ်းခြင်း၊ |

| ၆ | ပညာရေး | | | | | |
|---|---|---|---|---|---|---|
| | • တတ်မြောက်မှုအရည်အသွေးအားနည်းခြင်း၊<br>• ကျောင်းသုံးပရိဘောဂမလုံလောက်ခြင်း၊<br>• ကျောင်းအားကစားကွင်းမရှိခြင်း၊<br>• ကျောင်းအဆောက်အအုံများပျက်စီးခြင်း၊<br>• ကျောင်းခြံစည်းရိုးမကောင်းခြင်း၊ | • သဘောပေါက်နားလည်သည်အထိမရှင်းပြနိုင်ခြင်း၊<br>• ကျောင်းအဆောက်အအုံများဟောင်းနွမ်းယိုယွင်းလာခြင်း၊<br>• ကျောင်းဆောင်သစ်မတိုးချဲ့နိုင်ခြင်း၊ | • အစိုးရမှပညာရေးအခမဲ့စနစ် ရှိခြင်း၊<br>• ကျောင်းအားကစားကွင်းဆောက်ရန် မြေနေရာရှိခြင်း၊<br>• ကျောင်းအကျိုးဆောင်ကော်မတီရှိခြင်း၊<br>• ပညာရေးဌာနများရှိခြင်း၊<br>• ရွာမှလုပ်သားအင်အားရှိခြင်း၊ | • မိဘဆရာအသင်းရန်ပုံငွေမရှိခြင်း၊<br>• ရွာသားများဆင်းရဲခြင်း၊<br>• ပညာရေးဌာနနှင့်ချိတ်ဆက်မှုအားနည်းခြင်း၊ | • ပညာရေးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>• မိဘဆရာအသင်းရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း၊ | • မိဘဆရာအသင်းရန်ပုံငွေရရှိအောင် ဆောင်ရွက်ခြင်း၊<br>• စာရေးကိရိယာနှင့်ကျောင်းသုံးပရိဘောဂများပြည့်စုံမှုရရှိစေရန် ဆောင်ရွက်ခြင်း၊<br>• ပညာတက်မြောက်မှုအရည်အသွေးတိုးတက်အောင် ပညာရေးဌာနများနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း၊<br>• ကျောင်းဆောင်သစ်တိုးချဲ့နိုင်ရန်ဆောင်ရွက်ခြင်း။ |

| ၇ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ | | | | | |
|---|---|---|---|---|---|---|
| | • ကျပန်းအလုပ်သမားများအတွက်အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ | • စက်ရုံအလုပ်ရုံများမရှိခြင်း၊<br>• စွန့်ဦးတည်ထွင်မှုမပြုလုပ်နိုင်ခြင်း၊<br>• အလုပ်လုပ်နိုင်သူများပြီးလုပ်ငန်းပေးနိုင်သူမရှိခြင်း၊ | • မြို့ပေါ်တွင်စက်ရုံအလုပ်ရုံများရှိခြင်း၊<br>• ဆောက်လုပ်ရေးဆိုင်ရာအလုပ် ရုံများရှိခြင်း၊<br>• ဂပ်ရှော့စက်ပြင်အလုပ်ရုံများရှိခြင်း၊ | • လုပ်ငန်းထူထောင်ရန်ငွေအရင်းအနှီးမတတ်နိုင်ခြင်း၊<br>• ကျပန်းအလုပ်သမားများအတွက်လုပ်ငန်းမပေးနိုင်ခြင်း၊ | • အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိလာနိုင်စေရန်ဖန်တီးဆောင်ရွက်ပေးခြင်း၊ | • အသေးစားအထည်ချုပ် စက်ရုံနှင့်စက်မှုလုပ်ငန်းစက်ရုံအလုပ်ရုံများထူထောင်ခြင်း၊<br>• အသေးစားလုပ်ငန်းများအတွက်သင့်တော်သည့် အတိုးနှုန်းဖြင့်ချေးငွေထုတ်ချေးသောအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |

| | | | | | | |
|---|---|---|---|---|---|---|
| ၈ | ကျန်းမာရေး | | | | | |
| | • ကျေးရွာတွင် ဆေးရုံ၊ ဆေးခန်းမရှိခြင်း၊ ရာသီအလိုက်ရောဂါဖြစ်ပွားတတ်ခြင်း၊<br>• ဆေးမှီးတိုများဖြင့်ကုသနေခြင်း၊ | • ပတ်ဝန်းကျင်ကျေးရွာများတွင် ဆေးခန်းရှိနေခြင်း၊ ကျန်းမာရေးဗဟုသုတအားနည်းခြင်း၊<br>• ငွေကြေးမတတ်နိုင်ခြင်း၊ | • မြို့နယ်ဆေးရုံနှင့်၅မိုင်သာကွာဝေးခြင်း၊<br>• ကျန်းမာရေးစောင့်ရှောက်မှုများအခါအခွင့်သင့်တိုင်းပြုလုပ်ပေးခြင်း၊<br>• ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ | • ဆေးရုံဆေးခန်းသွားရန်စိုးရိမ်ခြင်း၊<br>• အလွယ်တကူကျန်းမာရေးစောင့်ရှောက်မှုမပြုလုပ်နိုင်ခြင်း၊<br>• မကြာခဏရောဂါဖြစ်ပွားတတ်ခြင်း၊ | • ကျန်းမာရေးဝန်ဆောင်မှုများရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ရာသီအလိုက်ရောဂါဖြစ်မှုကိုကြိုတင်ကာကွယ်မှုများပြုလုပ်ဆောင်ရွက်ခြင်း၊<br>• ကျွမ်းကျင်သောဆရာမျ ားနှင့်သာပြသခြင်း၊ | • ကျေးလက်ဆေးပေးခန်းတစ်ခုရရှိအေ ာင်ဆောင်ရွက်ခြင်း၊<br>• ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပုံမှန်ပြုလုပ်ဆောင် ရွက်ခြင်း၊<br>• မြို့နယ်ကျန်းမာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| ၉ | လူငယ်ဖွံ့ဖြိုးရေး | | | | | |
| | • လူငယ်များအတွက်အလုပ် အကိုင်အခွင့်အလမ်းရှားပါ းခြင်း၊<br>• စာဖတ်သည့်အလေ့အထအားနည်းခြင်း၊<br>• အားကစားကွင်းသီးသန့်မရှိခြင်း။ | • စက်ရုံအလုပ်ရုံနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမရှိခြင်း၊<br>• အခြားအချိန်ဖြုန်းစရာများစွာရှိနေခြင်း။<br>• အချိန်မပေးနိုင်ခြင်း ၊ | • မြို့ပေါ်တွင်အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာပညာရပ်များသင်ယူနိုင်ခြင်း၊<br>• အလုပ် လုပ်ကိုင်နိုင်ခြင်း၊ | • အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များလက်လှမ်းမမှီခြင်း၊<br>• သီးသန့်ကစားရန်အားကစားကွင်းမရှိခြင်း၊<br>• ဆင်းရဲနွမ်းပါးခြင်း၊ | • အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများလုပ်ကိုင်နိုင်ရန်ဖန်တီးပေးခြင်း၊<br>• ကျေးရွာစာကြည့်တိုက်ထူထောင်ခြင်း၊ | • အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအတက်ပညာသင်တန်းကျောင်းများတက်ရောက်သင်ယူနေခြင်း၊<br>• စာပေးဟောပြောပွဲများကျင်းပပေးခြင် း၊<br>• အားကစားကွင်းများပြုလုပ်ပေးခြင်း။ |
| ၁၀ | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | | | | | |
| | • ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများအားလက်လှမ်းမှီခြင်း၊<br>• အတိုးနှုန်းမြင့်မားစွာရှာဖွေသုံးရခြင်း၊ | • မြန်မာ့စိုက်/ဘဏ်မှစိုက်ပျိုးစရိတ်ရင်းနှီ းငွေနှောင့်နှေးခြင်း ၊<br>• ဆင်းရဲသားငွေချေးလိုသူများအတွက် | • မြန်မာ့စိုက်/ဘဏ်မှစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးခြင်း၊<br>• အသေးစားငွေချေးဘဏ်များသမဝါယမအသင်းများရှိခြင်း ၊ | • မြန်မာ့စိုက်ဘဏ်နှင့်သမဘဏ်အဖွဲ့များရှိသော်လည်းကန့်သတ်မှုရှိခြင်း၊<br>• ငွေတိုးချေးစားသူမ ျားအတိုးနှုန်းမြင့် | • သင့်တင့်သောအတိုးနှုန် းဖြင့် ကာလရှည်ချေးငွေများရရှိအောင်ဆောင်ရွက်ခြင်း၊<br>• အသေးစားငွေချေးလုပ် | • ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>• တပိုင်တနိုင် မွေးမြူရေး:အသက်မွေးဝမ်းကျောင်းလုပ်ကိုင်လိုသူများအတွက် ချေးငွေရရှိအောင် |

| | | | | | | |
|---|---|---|---|---|---|---|
| | | ကန့်သတ်မှုအခက်အခဲရှိခြင်း၊ | | မားခြင်း၊<br>• အသေးစားငွေချေးလုပ်ငန်းများကျေးရွာများသို့ ဂန်ဆောင်မှု မပေးနိုင်ခြင်း၊ | ငန်းရှင် များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ | ချိတ်ဆက် ဆောင်ရွက်ခြင်း။ |

ထရန်ကန်ကျေးရွာ၊ ကွင်းလျားရှည်ကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကြည်အေး | ဦးစိန်ဟန် | ၁၂/ခရန(နိုင်)၀၃၈၈၅၅ | ၅၉ | ဥက္ကဋ္ဌ | ၀၉-၇၈၁၆၂၅၁၁၄ |
| ၂ | ဦးနေလင်း | ဦးခင်ငွေ | KYN -၂၁၇၃၀၉ | ၄၂ | အတွင်းရေးမှူး | ၀၉-၇၇၅၆၅၈၁၇၂ |
| ၃ | ဦးမောင်မြင့် | ဦးတိုးအောင် | ၁၂/ခရန(နိုင်) ၀၃၈၈၅၁ | ၄၅ | ဘဏ္ဍာရေးမှူး | ၀၉-၉၆၇၈၁၄၂၄၀ |
| ၄ | ဦးသိန်းဌေး | ဦးချစ် | ၁၂/ခရန(နိုင်) ၀၅၆၁၉၉ | ၅၉ | စာရင်းကိုင် | ၀၉-၉၇၀၂၄၉၈၀၆ |
| ၅ | ဦးစိန်မြိုင် | ဦးရှိန် | ၁၂/ခရန(နိုင်) ၀၈၉၀၀၂ | ၄၈ | စာရင်းစစ် | ၀၉-၇၈၃၂၀၃၄၂၀ |
| ၆ | ဦးသောင်းညွန့် | ဦးထွန်းတင် | ၁၂/ခရန(နိုင်) ၀၃၈၈၈၇ | ၆၇ | အဖွဲ့ဝင် | - |
| ၇ | ဒေါ်ဆွေနွယ်ထွန်း | ဦးသန်းထွန်း | ၁၂/ခရန(နိုင်) ၀၀၁၄၀၁ | ၃၉ | သော့ကိုင်-၂ | - |
| ၈ | ဒေါ်ဝင်းသီတာ | ဦးကြည်ဝင်း | ၁၂/ခရန(နိုင်) ၁၂၂၂၇ | ၃၇ | အဖွဲ့ဝင် | ၀၉၇၇၉၈၈၅၉၅၆ |
| ၉ | ဦးမောင်သန်း | ဦးသန်းရွှေ | ၁၂/ခရန(နိုင်) ၁၀၂၁၀၂ | ၃၅ | သော့ကိုင်-၁ | ၀၉၇၉၉၉၆၃၉၆၁ |
| ၁၀ | ဦးရဲမင်းသိန်း | ဦးခင်ငွေ | ၁၂/ခရန(နိုင်)၁၂၂၂၆၁ | ၃၀ | အဖွဲ့ဝင် | ၀၉၇၉၉၃၈၃၇၀၁ |
| ၁၁ | ဦးသက်ထွန်း | ဦးအုန်းခင် | KYN -၀၁၇၂၉၁ | ၇၄ | အဖွဲ့ဝင် | - |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစု ပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၂ | ၁ | ၃ | ၁ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၃ | ၄ | ၇ | ၃ |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၅ | ၆ | ၁၁ | ၅ |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၅ | ၉ | ၂၄ | ၁၅ |
| ၁၅ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၅ | ၄၁ | ၉၆ | ၆၅ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၇ | ၁၀ | ၁၇ | ၇ |
| **စုစုပေါင်း လူဦးရေ** | | **၈၇** | **၇၁** | **၁၅၈** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု - ၃၄** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄ ဦး** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း( ၃၄) စုရှိပြီး၊ အိမ်ထောင်စုများအား အသက်အုပ်စု အလိုက် ခွဲခြားမှု ပြုလုပ်သည့်အခါ (၁)နှစ်အောက် နို့စို့အရွယ် ကျား/မ ပေါင်း(၃)ဦး၊ ၅နှစ်မှ ၉နှစ်ထိ မူလတန်းကျောင်းနေအရွယ် ကျား/မ ပေါင်း(၁၁)ဦး၊ ၁နှစ်မှ ၅နှစ်အောက် ကလေးအရွယ် ကျား/မ ပေါင်း(၁၁)ဦး၊ ၉နှစ်အထက်မှ ၁၅နှစ်ထိ အလယ်တန်းကျောင်းသား အရွယ် ကျား/မ ပေါင်း(၂၄)ဦး၊ ၁၅နှစ်အထက်မှ ၆၀နှစ်အထိ အလုပ်လုပ်နိုင်သူ ကျား/မ ပေါင်း(၉၆)ဦးနှင့် ၆၀နှစ်နှင့် အထက် သက်ကြီးအရွယ် ကျား/မ ပေါင်း(၁၇)ဦးရှိ၍ လူဦးရေ ကျား/မ စုစုပေါင်း(၁၅၈)ဦးရှိသည်ဟု စစ်တမ်းကောက်ယူ၍ သိရှိရသည်။ တစ်အိမ်ထောင်၏ ပျမ်းမျှလူဦးရေသည် (၄)ဦး:သာလျှင် ရှိပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၁ | ၂၁.၄ | - | ၃၁ | စပါးနှင့် ပဲတီစိမ်း အဓိကစိုက်ပျိုးသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၆၈ | ၆၉.၃ | - | ၈၆ | လယ်သမားကြီးများထံမှ လုပ်အားခကြိုထုတ်ပြီး လုပ်အားနှင့် ဆပ်ကျရသည်။ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇ | ၇၁ | - | - | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၂ဦး | | စားသောက်ကုန်ပစ္စည်းများ ရောင်းချကြသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၇ | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | **စုစုပေါင်း** | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်သော အိမ်ထောင်စု(၂၁)စု မှ လယ်ယာမြေဧက (၁၇၃)ဧက ပိုင်ဆိုင်ကြသည်။ မိုးစပါးနှင့် ပဲတီစိမ်းကိုသာ အဓိက စိုက်ပျိုး၍ မိသားစုဝင်လုပ်အား အနည်းဆုံး (၂)ဦး ရှိကြ၍ ဝင်ငွေများရရှိကြသည်။ အလုပ်သမား၊ ကျပန်းနှင့် ရာသီအလိုက်အလုပ်သမား အိမ်ထောင်စု (၆၈)စုမှာ စိုက်ပျိုးချိန်နှင့် ရိတ်သိမ်း ချိန်များတွင် လယ်ပိုင်ရှင်များထံ လုပ်ကိုင်နေကြရသည်။ ၎င်းအိမ်ထောင်စု အများစုအား လယ်ပိုင်ရှင်များထံမှ လုပ်အားခကို အလုပ်ချိန်ပေါက်ဈေးထက် လျော့ကာ ကြိုထုတ်ပြီးစားကြရသည်။ ဆောက်လုပ်ရေး အလုပ်သမား အိမ်ထောင်စု(၇)စုရှိကြောင်း တွေ့ရသည်။ ရာခိုင်နှုန်းဖြင့် အိမ်ထောင်စုများကို တွက်ကြည့်ရာ လယ်ယာလုပ်ကိုင်သော အိမ်ထောင်စု (၂၁)စုသည် ၂၁%၊ ကျပန်းလုပ်ကိုင်သော အိမ်ထောင်စု (၆၈)စုသည် ၆၉%နှင့် ဆောက်လုပ်ရေး၊ ပန်းရံ လုပ်ကိုင်သော အိမ်ထောင်စု (၇)စုသည် ၇%ရှိကြောင်းတွေ့ရသည်။ ထို့ပြင် အိမ်ထောင်စု (၃)စု၏ ၃%သည် လက်လီဈေးဆိုင်ငယ်များ တစ်ပိုင်တစ်နိုင်ထူထောင်၍ လုပ်ကိုင်ကျ ကြောင်း တွေ့ရသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၂၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပ်ပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာလုပ်ငန်း နေ့စား ကျား(၁)ဦးလျှင် ၆၀၀၀/- ရရှိ၍ မ(၁)ဦးလျှင် ၃၀၀၀/- ရရှိပါသည်။ အနိမ့်ဆုံး နေ့စား ကျား(၁)ဦးလျှင် ၅၀၀၀/-နှင့် မ(၁)ဦးလျှင် ၂၅၀၀/-ရသည်ဟု သိရှိရသည်။ ဆောက်လုပ်ရေး လက်သမား/ပန်းရံ ဆရာ(၁)ဦးလျှင် အမြင့်ဆုံး ၁၀၀၀၀/-နှင့် နောက်လိုက် ၅၀၀၀/-၊ အနိမ့်ဆုံး ဆောက်လုပ်ရေး လက်သမား/ပန်းရံ ဆရာ(၁)ဦးလျှင် ၇၀၀၀/-၊ နောက်လိုက် ကျား(၁)ဦးလျှင် ၅၀၀၀/-၊ မ(၁)ဦးလျှင် ၄၀၀၀/- ရသည်ဟု တွေ့ရသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့** | **ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)** | **ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)** |
|---|---|---|---|---|
| လယ်မြေ | ၁၇၃ | သင့် | မရှိ | မိုးရေကိုသာအဓိကထားသုံးစွဲကြသည်။ |
| ယာမြေ /တောင်ယာ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | ၃ | သင့် | မရှိ | ကန်ရေကိုသာအဓိကထား သုံးစွဲ ကြသည်။ |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်**။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် လယ်ယာမြေ(၁၇၃)ဧကကျော် ရှိ၍ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်သည်။ ကုန်းမြင့်ဒေသဖြစ်သည့် အတွက် ဆည်ရေသွင်း စိုက်ပျိုးမှု စနစ် မရှိပေ၊ မိုးရေကိုသာ အဓိကထား စိုက်ပျိုးသည်။ အိမ်ထောင်စု (၉၈)စု ၏ တစ်ပိုင် တစ်နိုင် အိမ်ခြံဝင်းအတွင်း စိုက်ပျိုးမှုသည် စုစုပေါင်း (၃)ဧကခန့်ရှိသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)** |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| အခြား ရင်းမြစ်များ | မရှိ | လက်လှမ်းမမှီ |
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မရှိချေ။ နေရောင်ခြည်ဖြင့် စွမ်းအင်သုံးဆိုလာမီးကို အသုံးပြုသူများ တွေ့ရှိရသည်။ သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ ဖြစ်သော ဥပမာ(ကြွက်၊ ဖား၊ မြွေ၊ လိပ်) စသည်တို့သည် မရှိသလောက်နည်းပါး သဖြင့် ရှာဖွေရာတွင်လည်း ခက်ခဲမှုရှိသည်။ ဆေးဘက်ဝင် အပင် အသင့်အတင့် ကို တွေ့ရသည်။ နွားစာအတွက် ရှာဖွေရာတွင် လွယ်ကူမှု ရှိသည်ကိုလည်း တွေ့ရပါသည်။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင် စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | (၁၅-၂၀)ဧက | (၅-၂.၅)ဧက | မရှိ | မရှိ |
| အိမ်အခြေအနေ | သွပ်မိုး၊ ပျဉ်ထောင်အိမ်ကြီး | သွပ်မိုး၊ ပျဉ်၊ ထရံကာ | သွပ်မိုး၊ ထရံကာ | ဓနိမိုး၊ ထရံကာ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ကွန်ဒေါင်း၊ နွား၊ ရေစုပ်စက် | နွား၊ ထွန်တုံး၊ ထွန်တံ | မရှိ | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊ တီဗွီ၊ စက်ဘီး၊ အောက်စက်၊ ဖုန်း | ဆိုင်ကယ်၊ စက်ဘီး၊ လက်တော့၊ ဖုန်း | စက်ဘီး၊ ရေဒီယို၊ လက်တော့၊ ဖုန်း | ရေဒီယို |
| အဓိကစီးပွားရေး လုပ်ငန်း | လယ် | လယ် | ကျပန်း | ကျပန်း |
| အခြားပိုင်ဆိုင်မှု | ရွှေ/ငွေ | ရွှေ/ငွေ | မရှိ | မရှိ |
| အိမ်ထောင်စု - | ၇ | ၁၀ | ၁၄ | ၃ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာမြေဧက နည်းပါးသဖြင့် ဥစ္စာဓန အဆင့်အတန်း သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ ၁၀%သည် အဆင်ပြေသော အိမ်ထောင်စု အဖြစ် သတ်မှတ်ပြီး၊ သွပ်မိုး၊ ပျဉ်ကာ အိမ်များဖြစ်ကြသည်။ လယ်ယာသုံး၊ ထွန်တုံး၊ ထွန်တံ၊ နွား၊ ကွန်ဒေါင်း၊ ရေစုပ်စက်များ ပိုင်ဆိုင်ကြသည်။ အခြားပိုင်ဆိုင်မှု အဖြစ် တီဗွီ၊ ဆိုင်ကယ်၊ စက်ဘီး၊ အောက်စက်၊ ရွှေ၊ ငွေများလည်း အသင့်အတင့် ပိုင်ဆိုင်ကြသည်။ ၁၈%သည် အလယ်အလတ်ရှိသော အိမ်ထောင်စု ၄၉% သည် ဆင်းရဲသော အိမ်ထောင်စု ၂၁%နှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ ဟု သတ်မှတ်သည်။ အလယ်အလတ်၊ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်များသည် သွပ်မိုး၊ ထရံကာ၊ ဓနိ မိုးများဖြစ်ကြသည်။ တီဗွီ၊ အောက်စက်၊ ရွှေ၊ ငွေများကို အနည်းငယ် ပိုင်ဆိုင်ကြောင်း တွေ့ရသည်။ မြေယာမဲ့ အိမ်ထောင်စုအရေအတွက် မြင့်မားသဖြင့် စီးပွားရေး အဆင်ပြေမှု နည်းပါးကြောင်းလည်း တွေ့ရှိရသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၄ | ၇.၃ | ကျပန်းအလုပ်လုပ်ပြီး ၂နပ် စားနိုင်သည်။ |
| ၃ လနှင့် ၆ လအောက် | ၇ | ၃၀.၄ | လုပ်အားခ ကြိုတင်ထုတ်ပြီး ၂နပ်စားနိုင်သည်။ |
| ၆လ မှ ၁၂ လ အထိ | ၁၂ | ၅၂.၁ | လုပ်အားခ ကြိုတင်ထုတ်ပြီး စားသောက်ကျသည်။ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဝမ်းစာဖူလုံမှု အဆင့်(၃)နှင့် (၄)၏ အိမ်ထောင်စုပေါင်း ၇၀စု၏ ၃၀%အား လေ့လာကြည့်ရာ ၁၇.၃% ဖြစ်သော အိမ်ထောင်စု(၄)စုမှာ ကျပန်းအလုပ် လုပ်ပြီး (၃)လအောက် စားသုံးနိုင်ကြသည်။ (၃)လနှင့် (၆)လ အောက် အိမ်ထောင်စု ၃၀.၄%ခန့်သည် လုပ်အားခကြိုတင်ထုတ်ပြီး အနည်းဆုံး (၂)နပ်စားနိုင်ကြောင်း၊ ၅၂.၁% ရှိသော အိမ်ထောင်စု (၁၂)စု သည် လုပ်အားခ ကြိုတင်ထုတ်ယူပြီး အကြွေးတင်မှသာလျှင် စားသုံးနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။အိမ်ထောင်စု အားလုံး၏ အိမ်ထောင်စု (၁)စု အကြွေးတင်ရှိမှုသည် ၅၀၀၀၀/-မှ ၃၀၀၀၀၀/-ထိ (၁)နှစ်ပတ်လည် တင်ရှိနေကြောင်း တွေ့ရသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၃ | ၄ | ၇ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၂ စု | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၃ စု | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ၆၀နှစ် နှင့် အထက် အသက်ကြီးရွယ်အို (၄၀)ကျော် ရှိသော်လည်း မိသားစုနည်း၍ ထိခိုက်လွယ်သည့် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အသက်ကြီးရွယ်အို ကျား/မပေါင်း (၇)ဦးရှိသည်။ အိမ်ထောင်စု အများစုမှာ ဆင်းရဲကြပြီး မိသားများ၍ ဆင်းရဲသော အမျိုးသမီးဦးဆောင်သည်။ အိမ်ထောင်စု (၁၂)စုနှင့် မုဆိုးဖို

ဦးဆောင်သော အိမ်ထောင်စု(၃)စုကို တွေ့ရသည်။ ၄င်း ဖော်ပြခဲ့သော သက်ကြီးရွယ်အိုများ၊ အိမ်ထောင်စုများသည် ထိခိုက်လွယ်မှုရှိနိုင်သည်။ အခြားအရပ်ဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်သော အိမ်ထောင်စု မရှိကြောင်း တွေ့ရသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | ကျပန်းလုပ်သားများပြီး အလုပ်အကိုင်ရှားပါးသည်။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | လတ် | စိုက်ပျိုးမြေ နည်းပါးသည်။ |
| ၃ | ရေကြီးခြင်း | လတ် | နှစ်စဉ် မိုးများသည်။ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | နှစ်စဉ် မိုးများသည်။ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | - |
| ၆ | မုန်တိုင်း | နိမ့် | ကမ်းရိုးတန်းနှင့် ဝေးကွာသည်။ |
| ၇ | ငလျင် | နိမ့် | ကမ်းရိုးတန်းနှင့် ဝေးကွာသည်။ |
| ၈ | မီးဘေး | နိမ့် | လူနေအိမ်နှင့် ကွာလှမ်းသည်။ |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | အသင့်အတင့်သာရှိသည် |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | မြေပြန့်လွင်ပြင် ဖြစ်သည့်အတွက် မြေပြိုခြင်း မရှိပါ။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် | သဘာဝ သစ်တောမရှိပါ။ |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | - |
| ၁၃ | တီဘီရောဂါ | နိမ့် | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | ကျန်းမာရေးဆိုင်ရာ ဆေးဝါး စောင့်ရှောက်မှု နည်းပါသည်။ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | လတ် | မြို့နှင့်(၅)မိုင်ခန့်ကွာဝေး၍ မြေသားကန်သင်း လမ်းသာရှိသည့် အတွက် မိုးတွင်းအခါသွားလာရ ခက်ခဲသည်။ |
| ၁၉ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေ အတွက် မိုးရေကိုသာ အဓိက အားထား စိုက်ပျိုးသည်။ အိမ်ထောင်စုနှင့် စိုက်ပျိုးမြေဧကကို နှိုင်းယှဉ်ကြည့်လျှင် နည်းပါးသည်ဟု တွေ့ရသည်။ ထို့ကြောင့် ကျပန်းလုပ်သား များပြီး အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါး ကြောင်း

တွေ့ရသည်။နှစ်စဉ် မိုးများသဖြင့် စိုက်ပျိုးလယ်များ ရေနစ်မြုပ်ခြင်းများ ဖြစ်ပွားသည်။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ငလျင်၊ မီးဘေးနှင့် ဆားငံရည် ဝင်ရောက်ခြင်းများ မရှိသလောက် နည်းပါသည်။ မြေပြန့်ဒေသဖြစ်၍ မြေပြိုခြင်းမရှိပေ။ သဘာဝ သစ်တောများလည်း မရှိချေ၊ မွေးမြူရေးနှင့် သက်ဆိုင်သည့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု အသိပညာ အားနည်းမှုကြောင့် တိရိစ္ဆာန်ကူးစက် ရောဂါ ကျရောက်မှုနှုန်း များပြားသည်။ မြို့နှင့် (၅)မိုင်ခန့် ကွာဝေး ၍ မြေသားကန်သင်းလမ်းသာ ရှိခြင်းကြောင့် မိုးတွင်းအခါတွင် သွားလာရခက်ခဲကြောင်း တွေ့ရသည်။

**(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | ကွမ်း၊ ဆေးလိပ်၊ အရက် အလွယ်တကူ ရရှိနိုင်သည်။ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | မိသားစုများခြင်း၊ ဝမ်းစာ မဖူလုံခြင်း၊ အလုပ် မလုပ်နိုင်ခြင်း။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | လယ်ယာသုံး ကိရိယာ မပြည့်စုံခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း။ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | ရာသီဥတု ဆိုးဝါးစွာ ကျရောက်ခြင်းမရှိ၊ ကျန်းမာရေး ဗဟုသုတ အသင့်အတင့် ရှိသည်။ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | မြစ်ကမ်းဘေးတွင် နေထိုင်သူမရှိ။ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောဒေ ေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | ကား/ဆိုင်ကယ် ရှုပ်ထွေးမှုမရှိခြင်း၊ မြစ်/တောင်စောင်းများ မရှိခြင်း။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံ ရသူများ (IDP) | နိမ့် | နေရပ်စွန့်ခွာ ရွှေ့ပြောင်းခံရသူများမရှိ။ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | မြေပြန့်ဒေသတွင် နေထိုင်ခြင်း။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | ငါးကန်များမရှိခြင်း။ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | လယ်ယာမြေပိုင်ဆိုင်မှု နည်းပါးခြင်း။ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | မရှိခြင်း။ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ | နိမ့် | မရှိခြင်း။ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | နည်းပါးခြင်း။ |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | မရှိခြင်း။ |
| ၁၅ | ဆေးစွဲသူများ | နိမ့် | အလွယ်တကူ ဝယ်ယူရန်မဖြစ်နိုင်ခြင်း။ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | အသိပညာ ဗဟုသုတ အသင့်အတင့်ရှိ။ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | နည်းပါးခြင်း။ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | မရှိခြင်း။ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | လတ် | ကျေးရွာတွင် လုပ်ငန်းမရှိ၍ အခြားနယ်များသို့ အလုပ် လုပ်ရခြင်း။ |
| ၂၀ | ကားသမား | နိမ့် | မရှိခြင်း။ |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကွမ်းယာ၊ ဆေးလိပ်၊ အရက် ရောင်းချသော ဈေးဆိုင်များ ရှိသဖြင့် လူငယ်များ အလွယ်တကူ အသုံးပြုနိုင်ကြသည်။ အမျိုးသမီးများသည်လည်း သဘာဝအရ ခေါင်းဆောင်မှုအားနည်းခြင်း၊ မိန်းကလေးများ၏ ဂင်ငွေနိမ့်ကျခြင်းများလည်း တွေ့ရသည်။ ရာသီဥတုလည်း ဆိုးဝါးစွာကျရောက်ခြင်း မရှိပေ။ ကျန်းမာရေးဗဟုသုတလည်း အသင့်အတင့် ရှိသည်။ မြေပြန့်ဒေသဖြစ်၍ မြစ်ကမ်း/တောင်စောင်းများ မရှိပေ။ ကား/ဆိုင်ကယ်များ ရှုပ်ထွေးသွားလာမှု မရှိပေ။ ပြည်တွင်း နေရပ်စွန့်ခွာ၍ ရွှေ့ပြောင်းခံရသူများ၊ IDP များလည်းမရှိပေ။ စီးပွားဖြစ် ငါးမွေးကန်များ မရှိသည့် အတွက် ငါးကန်ပိုင်ရှင်မရှိပေ။ လယ်ယာမြေ ပိုင်ဆိုင်မှု နည်းပါးခြင်းကြောင့် ရာသီအလိုက် လက်လုပ်၊ လက်စားများ၊ ကျပန်းလုပ်ကိုင်သူများပြားခြင်း ကြောင့် လုပ်အားခငွေ ကြိုတင်ထုတ်ယူပြီး စားသောက်နေရကြောင်း တွေ့ရသည်။ နယ်စပ်ဒေသတွင် နေထိုင်၍ အလုပ် လုပ်သူ နည်းပါးသည်။ မူးယစ်ဆေးဝါးအား ဥပဒေအရ တားမြစ်ထားခြင်း၊ အလွယ်တကူ ဂယ်ယူသုံးစွဲရန် မဖြစ်နိုင်ခြင်းကြောင့် ဆေးစွဲသူ မရှိချေ။ ဈေးကွက်မရှိသဖြင့် ဈေးရောင်းသူ နည်းပါးသည်။ ဈေးကွက်တွင် လုပ်ငန်းမရှိသဖြင့် အခြားမြို့နယ်များသို့ သွားရောက် လုပ်ကိုင်သူ များပြားကြောင်း တွေ့ရသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | လူမှုရေးအဖွဲ့ | ၂ | ၆၅ | ၃၃ | ၉၈ | လူမှုရေးဆိုင်ရာ လုပ်ငန်းများ | ၄ | ၇ |
| ၂ | ဂေါပကအဖွဲ့ | ၃ | ၂၀ | - | ၂၀ | ဘာသာရေးဆိုင်ရာ လုပ်ငန်းများ | ၄ | ၇ |
| ၃ | | | | | | | | |
| ၄ | | | | | | | | |
| ၅ | | | | | | | | |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့(၂)ဖွဲ့ ဖွဲ့စည်းထားသည်။ အသင်းအဖွဲ့ (၁)ဖွဲ့လျှင် လူဦးရေ ကျား/မ (၅၀)ဦး ပါဝင်ပါသည်။ အသင်းကို ကျေးရွာ၏ အစဉ်အလာ အရ ဆင်းရဲ/ချမ်းသာမရွေး တစ်ရွာလုံး အဖွဲ့ဝင်များအဖြစ် သတ်မှတ်ထားသည်။ ရန်ပုံငွေ စုဆောင်းခြင်းကို အသင်းတစ်နှစ်ပတ်လည် အစည်းအဝေးပြုလုပ်၍ အိမ်ထောင်စု

တစ်စုလျှင် (၂၀၀၀)ကျပ် ထည့်ဝင်ရသည်။အလွန် အခက်အခဲရှိသော အိမ်ထောင်စုများ ကင်းလွတ်ခွင့် ပြုထားသည်။ ဘာသာရေး ဂေါပကအဖွဲ့ကို အဖွဲ့ဝင်(၂၀)ဦးဖြင့်လည်း ထပ်မံ ဖွဲ့စည်းထားသည်။ ငွေစု/ငွေချေး အဖွဲ့ဟူ၍ သီးသန့် မရှိပေ။ အသင်းကို ဦးဆောင်ဖွဲ့စည်းသူမှာ ကျေးရွာလူထု ကိုယ်တိုင်ဖြစ်ပြီး အသင်း၏ စွမ်းဆောင်ရည်အားမှာ အသင့်အတင့် ကောင်းမွန်ကြောင်း တွေ့ရသည်။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | - | - | - |
| ၂ | - | - | - |
| ၃ | - | - | - |
| ၄ | - | - | - |
| ၅ | - | - | - |
| ၆ | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပြင်ပမှ မိမိတို့ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးသော ပြင်ပအဖွဲ့အစည်း မရှိပေ။ ကျေးရွာဖွံ့ဖြိုးရေး အတွက် လိုအပ်သော ငွေကြေးဆောင်ရွက်မှု ရှိပါက ပြင်ပမှ စေတနာအလျောက် လှူဒါန်းပံ့ပိုးမှုများ ရရှိသည်ကိုလည်း တွေ့ရပါသည်။

### (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင် စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၈ | ၇၉.၅၉ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၂ | ၂.၀၄ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၈ | ၈.၁၆ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၄ | ၄.၀၈ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၆ | ၆.၁၂ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၉၈** | **၁၀၀** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စု (၇၈)စုသည် လက်လုပ်လက်စား၊ ကျပန်းနှင့် အခြားတွင် အသက်မွေးဝမ်းကျောင်း ရှာဖွေစားသောက်ကြသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုတွင် လယ်သမား(၁၀)ဦးသာရှိ၍ လယ်မြေဧက(၁၇၃.၃၈)သာလျှင် ပိုင်ဆိုင်ကြသည်။ ရာခိုင်နှုန်းဖြင့် လေ့လာကြည့်လျှင် (၇၉.၅%)သည် လယ်ယာမဲ့ ဆင်းရဲသော တောင်သူ (၂%)၊ တောင်သူငယ်(၈.၁%)၊ အလတ်စား တောင်သူ (၄%)နှင့် တောင်သူကြီး (၆.၁%)သာရှိသည်ကို တွေ့ရသည်။ စိုက်ပျိုးမြေ နည်းပါးသော်လည်း မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး အသင့်အတင့်သာ ရှိသည်။

### (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | မိုးရေ | ၁၇၃ | တစ်နှစ်ပတ်လုံး | သီးထပ်စိုက်ပျိုးရေ လုံလောက်မှု ရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကုန်းမြင့်ဒေသ တည်ရှိသောကြောင့် နွေရာသီ ရေသွင်းဆည်၊ ရေလွှဲဆည်၊ မြစ်ရေတင် စီမံကိန်း၊ အဝီစိတွင်း၊ လက်ငင်ရေတွင်း၊ စိမ့်စမ်းရေ၊ ချောင်းရေတို့မှ ရေသွင်းစိုက်ပျိုးသော ဧရိယာများမရှိပါ။ မိုးရေကိုသာ အဓိကထား စိုက်ပျိုးသည်။ စပါးစိုက်ပျိုးဧက (၁၇၃)ဧကရှိသည်။ တစ်နှစ်ပတ်လည် ရာသီအလိုက် သီးထပ်စိုက်ပျိုးနိုင်သည်။ မိုးရေလုံလောက်မှု ရရှိသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၇၃ | တင်း | ၄၀ | ၆၀ | ၅၀ | မေ | အောက်တိုဘာ | နိမ့် | နိမ့် | |
| ပဲ | ၁၅၀ | တင်း | ၈ | ၁၅ | ၁၀ | နိုဝင်ဘာ | မတ် | နိမ့် | နိမ့် | |
| | | | | | | | | | | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မိုးစပါး (၁၇၃)ဧကကျော် စိုက်ပျိုးနိုင်သည်။မေလ ဆန်းပိုင်တွင် ပျိုးထောင်ခြင်း၊ အစေ့ပတ်ကြဲခြင်း ပြုလုပ်၍ ပျိုးပင် (၂၈-၃၀)သားတွင် ပြောင်းရွှေ့စိုက်ပျိုးခြင်း အစေ့ပတ်ကြဲ၍ ကောင်းပါက မူလအတိုင်းထား၍ ဓါတ်မြေသြဇာ အသင့်အတင့် ကျွေးကာ အောက်တိုဘာ လတွင် ရိပ်သိမ်းမှု ပြုလုပ်ကြသည်။ သီးနှံထွက်ရှိမှုကို ယူနစ် (တင်း)ဖြင့် သတ်မှတ်သည်။ (၁)ဧကပျမ်းမျှ (၅၀) တင်းထွက်၍ အမြင့်ဆုံး (၆၀)တင်းမှ အနိမ့်ဆုံး (၄၀)တင်းခန့်သာ ထွက်သည်။ ဆောင်းရာသီတွင် ပဲကို နိုဝင်ဘာ လတွင် စိုက်ပျိုး၍ မတ်လတွင် ခူးယူကြသည်။ ပဲစိုက်ဧကမှာ (၁၅၀)ခန့်သာ ရှိ၍ မိုးစပါး စိုက်ဧကထက် ဆားကွက်ရှိနေခြင်း ကြောင့် အနည်းငယ် လျော့နည်းသည်။ ပဲတစ်ဧက အထွက်နှုန်းသည် ပျမ်းမျှ (၁၀)တင်းခန့် သာထွက်ပြီး၊ အမြင့်ဆုံး (၁၅)တင်း၊ အနိမ့်ဆုံး (၇)တင်းသာ ထွက်သည်ဟု လေ့လာတွေ့ရှိရသည်။ လယ်သမား ဆင်းရဲသား များသဖြင့် ဓါတ်မြေသြဇာများ မသုံးစွဲနိုင်ခြင်း၊ ပိုးသတ်

ဓါတု ဆေးများ အရည်အသွေးမပြည့်မီခြင်း၊ နိုင်ငံတော်မှ ချေးငွေများ အချိန်မီ မရရှိခြင်း၊ ပြင်ပမှ အတိုးမြင့်စွာ ချေးယူစိုက်ပျိုးရခြင်း၊ လုပ်သားအင်အား နည်းပါး၍ မလုံလောက်မှုနှင့် သီးနှံပေါ်ချိန်တွင် အသင့်အတင့် ဈေးနှုန်းများမရရှိခြင်းကြောင့် အမြတ်ရရှိနိုင်မှု နည်းပါးသည်ကို တွေ့ရသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦး ချင်း ပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမား ဦးရေ | အရေအတွက် | လယ်သမား ဦးရေ | | |
| ထွန်စက် | | | | | | | |
| လက်တွန်းထွန်စက် | | | | | | | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | | | | | | | |
| ရေစုပ်စက် | ၃ | | | | | | ၃အိမ်ထောင်စု မျှသာ ရှိသည်။ |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | | | | | | | |
| အခြား | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆင်းရဲသော တောင်သူဦးရေများခြင်း၊ လယ်ယာမြေ ပိုင်ဆိုင်မှု နည်းခြင်းကြောင့် ရိပ်သိမ်းချွေလှေ့စက်၊ ရိပ်သိမ်းစက်၊ ချွေလှေ့စက်၊ ခြေနင်းရေတင်စက်၊ မြက်ရိပ်စက်နှင့် အခြား စက်ပစ္စည်းကိရိယာများ ဝယ်နိုင်ခြင်း၊ ငှားရမ်းလုပ်ကိုင်နိုင်ခြင်းများ မရှိပေ။ ကျေးရွာရှိ လယ်သမား အုပ်စုတွင် ရေစုပ်စက် ပိုင်ဆိုင်သူ (၃)ဦးကို တွေ့ရှိရသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | စိုက်ပျိုးမြေရှိခြင်း၊ မြေသြဇာအသင့်အတင့် ကောင်းမွန်ခြင်း၊ သီးထပ် စိုက်ပျိုးနိုင်ခြင်း၊ |
| ရေရင်းမြစ် | မိုးရေကို အဓိကအားထားစိုက်ပျိုးနိုင်ခြင်း။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | တစ်ပိုင်တစ်နိုင်မွေးမြူရေး ရှိသည့် အတွက် သဘာဂမြေသြဇာများ ရရှိခြင်း။ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | ဓါတုပိုးသတ်ဆေး ကုမ္ပဏီများ ရှိခြင်း။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | အစိုးရမှ ချေးငွေများရရှိခြင်း။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | နည်းပညာပိုင်းဆိုင်ရာ စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်နိုင်ခြင်း။ |
| သွင်းအားစုဈေးကွက် | ဓါတု ပိုးသတ်ဆေးနှင့် ဓါတ်မြေသြဇာများ ခရမ်းမြို့မှ အလွယ် တကူ ဂယ်ယူနိုင်ခြင်း။ |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | အလွယ်တကူရောင်းချနိုင်ခြင်း၊ ဈေးကွက်ရှိခြင်း။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ သီးနှံအထွက်တိုးရန် အတွက် စိုက်ပျိုးရေး ကုမ္ပဏီများမှ စက်ကိရိယာ များ အလွယ်တကူ ရရှိနိုင်သည်။ စက်ကိရိယာများကိုလည်း အရစ်ကျစနစ်ဖြင့် ဂယ်ယူနိုင်သည့် ဂန်ဆောင်မှုများရှိသည်။ မိုးရေကိုသာ အဓိက အားထား စိုက်ပျိုးသော်လည်း မိုးရေမှာ လုံလောက်စွာ ရရှိသည့် အတွက် သီးနှံအောင်မြင်မှု ဖြစ်ထွန်းသည်။ တောင်သူများ မွေးမြူထားသော ကျွဲ၊ နွား၊ ကြက်များမှ သဘာဂ မြေသြဇာများ အသင့်အတင့်ရရှိသည်။ ဓါတ်မြေသြဇာနှင့် ဓာတု ပိုးသတ်ဆေးကုမ္ပဏီများရှိခြင်းကြောင့် တောင်သူများ အလွယ်တကူ ဂယ်ယူ သုံးစွဲနိုင်ကြသည်။ စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာနှင့် ဂန်ဆောင်မှုများလည်း ရရှိနိုင်သည်။ မိမိထွက်ကုန် ပစ္စည်းများအား ပေါက်ဈေးနှုန်းထားဖြင့် အလွယ်တကူ ရရှိနိုင်သည့် ဈေးကွက်ဖော်ဆောင်သော စနစ်များ ထွန်းကားလာသည်ကို တွေ့ရပါသည်။

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မြေလွတ်၊ မြေရိုင်းမရှိသည့် အတွက်ထပ်မံတိုးချဲ့နိုင်မှု မရှိခြင်း။ |
| မြေဆီသြဇာ အခြေအနေ | တန်ဘိုးမြင့်မားပြီး၊ အရည်အသွေးနိမ့် ဓါတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုရခြင်း။ |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | လိုအပ်သည့် သွင်းအားစုအား အတိုးနှုန်းမြင့်စွာဖြင့် ရာဖွေ ထည့်သွင်းရခြင်း။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | အစိုးရမှ ချေးငွေရရှိသော်လည်းအ ချိန် နှောင့်နှေးနေခြင်း၊ အခြားချေးငွေနှင့် ဂန်ဆောင်မှု မရှိခြင်း၊ ချိတ်ဆက်အားနည်းခြင်း။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | လုပ်သားရှားပါး၍ ကျွမ်းကျင်သူမဟုတ်သော်လည်း ပေါက်စျေးထက်ပိုပေးကာ ငှားရမ်း အသုံးပြုရသည်။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | ဆည်မြောင်း၊ ချောင်း မရှိသည့် အတွက် မိုးရေကိုသာ အဓိက အားထားရခြင်း။ |
| စိုက်ပျိုးရေမလုံလောက်မှု | မိုးရွာသွန်းမှုအား လျော့နည်းသည့်အခါ စိုက်ပျိုးရေ မလုံလောက်မှုဖြစ်ပွားနိုင်သည်။ ဆည်မြောင်း မရှိပေ။ |
| ဖျက်ပိုးနှင့် ရောဂါ | သဘာဂ အရ ဖျက်ပိုးနှင့် ရောဂါပိုးကျရောက်မှု ဖြစ်ပွားခြင်း။ |
| စျေးကွက် လက်လှမ်းမီမှု | သီးနှံပေါ်ချိန်တွင် ကုန်သည်များ၏ စျေးနှိမ်မှုကြောင့် ထွက်ကုန်ပစ္စည်းများ စျေးကောင်းမရပေ။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | စိုက်ပျိုးရေး ဌာနရှိသော်လည်း နည်းပညာပိုင်းဆိုင်ရာ ဂန်ဆောင်မှုမပြုလုပ်ပေးနိုင်ခြင်း၊ နည်းပညာ ဗဟုသုတ အားနည်းခြင်း။ |
| အခြား | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးမြေ နည်းပါးသော်လည်း မြေလွတ်/မြေရိုင်းမရှိသည့် အတွက် ထပ်မံတိုးချဲ့ရန် မြေကွက်မရှိပေ။ လက်ရှိ မြေပေါ်တွင်သာ သီးနှံအားထပ်ကာတလည်း စိုက်ပျိုးသဖြင့် မြေဆီလွှာများညံ့လာသည်ကို တွေ့ရသည်။ လယ်သမားများဆင်းရဲ သဖြင့် ဓါတ်မြေသြဇာများ ဂယ်ယူမသုံးစွဲနိုင်ပေ၊ မဖြစ်မနေသုံးစွဲသည့်အခါတွင်လည်း ဓါတ်မြေသြဇာများ အရည်အသွေးမပြည့်ဂသည့် အပြင် ပစ္စည်းတန်ဘိုးအား အတိုး ၅ကျပ်နှုန်းဖြင့် အကြွေးစနစ်ဖြင့် ဂယ်ယူသုံးစွဲရသည်ကို တွေ့ရပါသည်။ အစိုးရဌာနမှ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးသော်လည်း လုံလောက်မှု မရှိခြင်း၊ အချိန်နှောင့်နှေးခြင်းများ ရှိသည်။ ခေတ်မီစက်ကိရိယာများထွန်းကားသော်လည်း လုပ်သားအင်အားရှားပါးသဖြင့် ပေါက်စျေးထက်ပိုပေးကာ ငှားရမ်းရ၍ စိုက်ပျိုးရေးစရိတ်မြင့်မားကာ ငွေကုန်မှုများ ပိုများလာသည်။ ဆည်မြောင်း/ချောင်းများ မရှိသည့် အတွက် မိုးရေအခက်အခဲလည်း ကြုံတွေ့နိုင်သည်။ သီးနှံပေါ်ချိန်တွင်လည်း ကုန်သည်များ၏

ဈေးနှိမ် မှုကြောင့် ထွက်ကုန်ပစ္စည်းများ ဈေးပြည့်ဂစွာ မရရှိပေ။ နည်းပညာ ဗဟုသုတ အားနည်းသည်ကိုလည်း တွေ့ရသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၂၀ | ၄၃ | |
| နို့စားနွား | | | |
| မြင်း | ၃ | ၆ | |
| ကျွဲ | | | |
| မြည်း | | | |
| လား | | | |
| ဆိတ် | ၃ | ၁၈ | |
| သိုး | | | |
| ဝက် | ၁၇ | ၆၂ | |
| ကြက် | | | |
| ဘဲ | ၇ | ၅၁ | |
| နွားနောက် | | | |
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | | | |
| ပုဇွန်ကန် | | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအဖြစ် နွားမွေးမြူသော အိမ်ထောင်စု (၂၀)စုတွင် ခိုင်နွား (၄၃)ကောင်၊ မြင်းမွေးသော အိမ်ထောင်စု(၃)စုတွင် မြင်း(၆)ကောင်၊ ဆိတ်မွေးသော အိမ်ထောင်စု(၂)စုတွင် ဆိတ်(၁၈)ကောင်၊ ဘဲမွေးသော အိမ်ထောင်စု(၇)စုတွင် ဘဲ(၅၁)ကောင်နှင့် အိမ်ထောင်စုတိုင်း လိုလိုတွင် ကြက်ကို တစ်ပိုင်တစ်နိုင် မွေးမြူထားကြောင်း တွေ့ရှိရပါသည်။ ငါးသားပေါက်များကို အိမ်ဝန်းအတွင်း ကန်များတွင် တစ်ပိုင် တစ်နိုင်မွေးမြူသည်မှအပ စီးပွားဖြစ်မွေးမြူထားခြင်း မရှိပေ။ ပုဇွန်ကန်၊ ဂဏန်းမွေးမြူရေး လုပ်ငန်းများလည်း မရှိပေ။ ကုန်းမြင့်ဒေသဖြစ်သဖြင့် ရေချိုငါးဖမ်း၊ ကမ်းလွန် ငါးဖမ်းလုပ်ငန်းများ မရှိပေ။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | မရှိပေ၊ အိမ်ခြံမြေ ကျယ်ဝန်းသည့်အတွက် တစ်ပိုင်တစ်နိုင် မွေးမြူနိုင်သည်။ |
| ရေရရှိမှု | မိုးရေ၊ ကန်ရေ ရရှိပြီး မွေးမြူနိုင်သည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မွေးမြူရေး သားပေါက်များအလွယ်တကူ ရရှိနိုင်သည်။ |
| ချေးငွေ | ငွေကြေးပြေလည်သူများထံမှ အတိုးနှုန်းဖြင့် ငွေအလွယ်တကူ ထုတ်ချေးနိုင်သည်။ |
| သွင်းအားစုဈေးကွက် | တိရိစ္ဆာန်စာ၊ ဆေးဝါးများ အလွယ်တကူ ရရှိနိုင်မှု။ |
| ဝန်ဆောင်မှုဈေးကွက် | တိ/မွေးကု ဌာနများရှိခြင်း၊ နည်းပညာများရရှိနိုင်သည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | အလွယ်တကူ ရောင်းချနိုင်သည်။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အိမ်ခြံဝန်းအတွင်း တစ်ပိုင်တစ်နိုင် မြေနေရာအလွတ်များ ရှိခြင်း။ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | ငါးမွေးမြူရေးကန်များမှ ငါးသားပေါက်များအလွယ်တကူ ဝယ်ယူနိုင်သည်။ |
| ချေးငွေ | အစိုးရမှ ချေးငွေများထုတ်ချေးနိုင်သည်။ |
| သွင်းအားစု လက်လှမ်းမီမှု | ငါးအစာနှင့် ဆေးဝါးများ အလွယ်တကူ ရနိုင်သည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | တိ/မွေးကုဌာနများမှ နည်းပညာအကူအညီ ရရှိနိုင်သည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | လက်လီ/လက်ကား မြို့ပေါ်တွင် ရောင်းချနိုင်သည်။ |
| အခြား | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စားကျက်မြေများမရှိပေ၊ အိမ်ခြံဝန်းများ ကျယ်ဝန်းသဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ကြသည်။ မိုးရေနှင့် ကန်ရေကိုသာ အဓိကထားမွေးမြူကြသည်။ မွေးမြူရေးသားပေါက်များ (နွား/ဘဲ/ဝက်/ဆိတ်/ကြက်)များ အလွယ်တကူ ဝယ်ယူနိုင်သည်။ မွေးမြူရေးအတွက် ငွေကြေးပြေလည်သူများထံမှ အတိုးနှုန်းဖြင့် အလွယ်တကူ ငွေချေးနိုင်သည်။ တိရိစ္ဆာန်စာများကိုလည်း အခက်အခဲမရှိ ရရှိနိုင်သည်။ ဒေသထွက် မျိုးများကို တစ်ပိုင်တစ်နိုင် အိမ်ခြံဝန်းအတွင်းမွေးမြူထားကြသည်။ တစ်ဆင့်ခံ ဈေးကွက် စနစ်ဖြင့် အလွယ်တကူ ရောင်းနိုင်ကြောင်း တွေ့ရသည်။ ငါးမွေးမြူရေးအတွက် ငါးသားပေါက်များကို ငါးမွေးမြူရေး ရေကန်များမှ အလွယ်တကူ ရရှိနိုင်ပြီး စီးပွားဖြစ် မွေးမြူနိုင်ခြင်း အတွက်အစိုးရမှ ချေးငွေထုတ်ချေးမှုများလည်း ရှိသည်။ ငါးအစာနှင့် ဆေးဝါးများ အလွယ်တကူ ဝယ်ယူနိုင်ပြီး တိ/မွေးကု ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မှုရှိသည်။ ငါးများကိုလည်း မြို့ပေါ်ရှိ လက်လီ/လက်ကား ရောင်းဝယ်ရေး ဆိုင်များသို့ တင်ပို့ ရောင်းချနိုင်ကြောင်း လေ့လာ တွေ့ရှိရသည်။

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ဈေးကွက်ရရှိနိုင်မှု | မွေးမြူရေးနှင့် သက်ဆိုင်သည့် ဈေးကွက်များ ထုတ်ဈေးမှု မရှိခြင်း။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကျန်းမာရေးစောင့်ရှောက်မှု မရှိခြင်း။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | တိ/မွေးကုဦးစီးဌာနများမှ နည်းပညာနှင့် အကူအညီ မရရှိခြင်း။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်မှု မရှိခြင်း။ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | |
| ဈေးကွက်ရရှိနိုင်မှု | |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေးသာ ရှိပြီး စီးပွားဖြစ် မွေးမြူရေး မရှိသည့် အတွက် မွေးမြူရေးနှင့် သက်ဆိုင်သည့် ဈေးကွက်ထုတ်ဈေးမှု စနစ်မရှိပေ။ ကူးစက် ရောဂါ ဖြစ်ပွားမှု ရှိသော်လည်း တိ/မွေးကု ဦးစီးဌာန၏ ကွင်းဆင်း ဝန်ထမ်း မရှိသည့်အတွက် ကျန်းမာရေး ဆိုင်ရာ စောင့်ရှောက်မှု အသိပညာပေး သင်တန်းများလည်း မရှိပေ။ စီးပွားဖြစ် မွေးမြူလိုသော်လည်း ငွေကြေးမတတ်နိုင်မှု ကျန်းမာရေးစောင့်ရှောက်သည့် ဝန်ဆောင်မှု နည်းလမ်းမရှိသဖြင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လက်လှမ်းမမီနိုင်ကြောင်း လေ့လာ တွေ့ရှိရသည်။ ငါးမွေးမြူရေးအတွက် လုပ်ကိုင်နိုင်ရန် မြေနေရာမရှိခြင်း၊ လုပ်ငန်းချဲ့ထွင် လုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် ငါးမွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူမရှိကြောင်း တွေ့ရှိရသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

## (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | | | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ဈေးဆိုင် -၃ဆိုင် | | | အကြွေးယူမှုများသည့် အတွက် ပုံမှန်လည်ပတ်နိုင်အောင် ရုန်းကန်ရသည်။ |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၃ | ပညာရေး | | | | |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဝင်ငွေရ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူ အိမ်ထောင်စု(၃)စုသည် ဈေးဆိုင်(၃)ဆိုင်ထူထောင်၍ ကျေးရွာတွင် လက်လီ/လက်ကား ရောင်းချသည်။ အကြွေးစနစ် ရောင်းမှသာ အနည်းငယ် ရောင်းရသည့် အတွက် လုပ်ငန်းလည်ပတ်နိုင်အောင် ရုန်းကန်နေရကြောင်း တွေ့ရသည်။

## (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စက်ရုံ/အလုပ်ရုံများရှိခြင်း၊ အသက်မွေးဝမ်းကျောင်း အနေဖြင့် အိမ်တွင်း စက်ချုပ် သင်တန်းများ ဖွင့်လှစ်ထားခြင်း၊ ကား၊ ဆိုင်ကယ်၊ ဝပ်ရှော့ သင်ကြားနိုင်ခြင်း၊ စာရင်းကိုင် သင်တန်းရှိခြင်း။ | အလွယ်တကူ သွားရောက်အလုပ်လုပ်နိုင်ခြင်း၊ စုပေါင်း စက်ချုပ်လုပ်ငန်းများ ထူထောင်ပြီး အရစ်ကျ စနစ်ဖြင့် ချေးငွေများ ထုတ်ယူနိုင်ခြင်း၊ စက်ကိရိယာများ ထွန်းကားလာသဖြင့် ကား/ဆိုင်ကယ်/စက်ဘီး ပြင်ဆိုင်များ ဖွင့်လှစ်နိုင်ခြင်း။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အသက်မွေးဝမ်းကျောင်းမှု အနေဖြင့် အိမ်တွင်း စက်ချုပ်သင်တန်းများ ၊ စာရင်းကိုင်သင်တန်းများ တက်ရောက်သင်ကြားပြီး မြို့ပေါ်ရှိ စက်ရုံ/အလုပ်ရုံများသို့ အလွယ်တကူ သွားရောက် အလုပ် လုပ်နိုင်ကြသည်။ အိမ်တွင်လည်း စက်ချုပ်ခြင်း၊ ဆိုင်ခန်းများ ဖွင့်လှစ်ခြင်းကို အရစ်ကျစနစ်ဖြင့် ချေးငွေများ ထုတ်ချေးပြီး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ကြသည်။ စက်ကိရိယာများ ထွန်းကားလာသဖြင့် ကား၊ ဆိုင်ကယ်၊ စက်ဘီး ပြင်ဆိုင်များ ဖွင့်လှစ်နိုင်သည်။ တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများလည်း လုပ်ကိုင်နိုင်ကြသည်။

ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| ငွေအရင်းအနှီး မတတ်နိုင်ခြင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအားနည်းခြင်း၊ လုပ်ငန်းများ ဖော်ဆောင်ရန် အတွက် နည်းပညာအခက်အခဲ များရှိခြင်း၊ | ငွေတိုးချေးစားသူများ၏ အတိုးနှုန်း မြင့်မားခြင်း၊ အသေးစား ချေးငွေ လုပ်ငန်းများ မရှိခြင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက် ရန် ကူညီမည့် နည်းပညာနှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမမှီခြင်း။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလုပ် လုပ်နိုင်သူများပြားပြီး မြို့ပေါ်ရှိ အသက်မွေးဝမ်းကျောင်း သင်တန်းများ ရှိသော်လည်း ငွေကြေးမတတ်နိုင်သည့် အတွက် တက်ရောက် သင်ကြားနိုင်ခြင်းမရှိပေ။ ငွေတိုးချေးစားသူများ၏ အတိုးနှုန်း မြင့်မားခြင်း၊ အသေးစား ချေးငွေလုပ်ငန်းများ မရှိခြင်းကြောင့် လုပ်ငန်းထူထောင်ရန်လည်း မလုပ်နိုင်ကြပေ။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက်ရန် ကူညီမည့် နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှု အခက်အခဲများ ရှိသည်ကိုလည်း တွေ့ရသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၂၄စု | - | - | - | - | - | - | - | - | - |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ | - | | | | | | | | | |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | | | | | | | | | |
| | ၆ လ အထိ | - | | | | | | | | | |
| | ၁၂ လ အထိ | - | | | | | | | | | |
| | ၁၂ လ အထက် | - | ၂၄ | ၂၁ | ၄၅ | ၂၁ | ၂၁ | ၄၂ | ၃ | - | ၃ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူ ဦးရေ များပြားကြောင်း တွေ့ရသည်။ မြေဧရိယာနည်းပါးခြင်း၊ ငွေအရင်းအနှီးမတတ်နိုင်သဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်များ မထူထောင် နိုင်ခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးကြောင်း တွေ့ရသည်။ ထို့ကြောင့် အိမ်ထောင်စု (၂၄)စုတွင် ပြည်တွင်းကျား(၂၁)ဦးနှင့် မ(၂၁)ဦး၊ ပြည်ပ ကျား(၃)ဦးတို့သည် ၁၂လအထက် စားဝတ်နေရေး အတွက် အလုပ်လုပ်ကိုင် နေကြောင်း တွေ့ရသည်။ ကျန်ဆင်းရဲသော အိမ်ထောင်စုများသည်လည်း ကျေးရွာတွင် ကျပန်းနှင့် ရာသီအလိုက်ဝမ်းရေးအတွက် အလုပ် လုပ်နေရကြောင်းနှင့် လယ်ပိုင်ရှင်များထံမှ လုပ်အားခကို ပေါက်ဈေးထက်လျော့ပြီး ကြိုတင် ထုတ်ယူကာ အလုပ်လုပ် ကြရကြောင်း တွေ့ရသည်။

### (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၄၅ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွှေ့ပြောင်း သွားလာရခြင်း၏ အဓိကအကြောင်းအရင်းမှာ ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများရရှိအောင် လုပ်ကိုင်ရာဖွေနေကြောင်း လေ့လာတွေ့ရှိရသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၁၅ စု | ၁၅.၃ | | Â | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | - | - | - |
| | - ဘဏ် | | | - | - | - |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | ၁၅ စု | | - | - | - |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | | | - | - | - |
| | -ငွေလွှဲလုပ်ငန်း၊လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |
| | - ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွှေ့ပြောင်း အလုပ် လုပ်ကိုင်သူ အိမ်ထောင်စု (၂၄)စုတွင် ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု (၁၅)စုရှိသည်ကို တွေ့ရသည်။ ၄င်းအလုပ်လုပ်ကိုင်သူများ၏ ရရှိသော ပြန်ပို့ငွေသည် သင့်တင့်ရုံသာရှိပြီး ဘဏ်နှင့်လူကြုံများမှတစ်ဆင့် ပြန်ပို့နေကြောင်း တွေ့ရသည်။

## (၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ၅ မိုင် (ခရမ်း) | ၃၇မိုင် (ရန်ကုန်) |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ | ဆိုင်ကယ်၊ ထော်လာဂျီ | ကား၊ အငှား၊ လိုင်းကား၊ မော်တော် ဆိုင်ကယ် |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု | စပါး၊ ပဲ၊ ရာသီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ လူသုံးကုန် ပစ္စည်းများ | စပါး၊ ပဲ၊ ရာသီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ လူသုံးကုန် ပစ္စည်းများ၊ ဆေးဝါး၊အိမ်ဆောက် ပစ္စည်းများ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ဈေးအခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှု | အသင့်အတင့်ကောင်းမွန် | ကောင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကုန်စည်နှင့် ဂန်ဆောင်မှု ဈေးကွက်လက်လှမ်းမီမှု ကောင်းမွန်ပြီး အနီးဆုံး ဈေးမှာ ခရမ်းမြို့တွင်ရှိပြီး၊ ရွာမှ (၅)မိုင်ခန့်ကွာဝေးသည်။ ရာသီမရွေး ခရမ်းဈေးသို့ အလွယ် တကူ သွားနိုင်သော လမ်းများလည်းရှိသည်။ နွေဘက်တွင် ဆိုင်ကယ်၊ ထော်လာဂျီများဖြင့် အလွယ်တကူ သွားနိုင်သည်။ စိုက်ပျိုးရေးထုတ်ကုန်၊ လူသုံးကုန်ပစ္စည်း၊ ဆေးဝါး၊ အိမ်ဆောက် ပစ္စည်းနှင့် စားသောက်ကုန်၊ အဂတ်အထည်များ ခရမ်းဈေးတွင် အလွယ်တကူ ဂယ်ယူရရှိနိုင်သည်။ ဈေးဆိုင်ခန်းများ၏ အခင်းအကျင်းများမှာ အသင့်အတင့် ကောင်းမွန်ကြောင်း တွေ့ရသည်။ အကြီးစားဈေးကွက်ကို မြို့ကြီးဖြစ်သော ရန်ကုန်သို့ သွားနိုင်ပြီး ရွာမှ (၃၇)မိုင်ကျော် ကွာဝေးသည်။ ကား/အငှားကား/လိုင်းကား/ဆိုင်ကယ်များနှင့် အချိန်မရွေးအလွယ်တကူ သွားလာနိုင် သည်။ စိုက်ပျိုးရေးထွက်ကုန်များ၊ လူသုံးကုန်၊ ဆေးဝါး၊ အိမ်ဆောက်ပစ္စည်း၊ စားသောက်ကုန်နှင့် အဂတ်အထည် စသော ကုန်စည်အမျိုးမျိုးနှင့် ဂန်ဆောင်မှုများပေးနိုင်သည်။ ဈေးအခြေခံ အဆောက်အအုံနှင့် ဂန်ဆောင်များ လည်း အထူးကောင်းမွန်ကြောင်း တွေ့ရသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်) | ငွေစုငွေချေး | ၇လ | ၅၇ ပြား | မလို | ချေးငွေထုတ်ချေးသည့်အချိန်မှအပ လိုအပ်သလိုထုတ်ချေးရန် မလွယ်ကူ။ |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ် | | | | | |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုး အစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| ငွေချေးပေးသူ | လယ်သမား ကြီးများ | မရှိ(ရာသီ အလိုက် ကန့်သတ်ချက် ဖြင့်သာ) | ၁၀% | မလို | ယုံကြည်စိတ်ချရမှထုတ်ချေး သည်။ |
| အပေါင်ဆိုင် | အရေးကြုံသ ည့်အခါ | ၄ လ | ၃% | ရွှေလို | ပစ္စည်းပေါ်ကြည့်၍ ထုတ်ယူနိုင်။ |
| မိတ်ဆွေနှင့်ဆွေမျိုး များ | ချေးငွေ | နှစ်ဦးသဘော တူ ကန့်သတ်ချက် မရှိ။ | ၁၀% | မလို | မလွယ်ကူ |
| အခြား | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် တောင်သူများအတွက် မြန်မာ့လယ်ယာ စိုက်ပျိုးရေး ဘဏ်မှ မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေကို ၁ဧက ၁၅၀၀၀၀/-ထုတ်ချေးသော်လည်း ၁၀ဧက အထက် လယ်သမားကြီးများ ချေးငွေ မရရှိပေ၊ ၁၀ဧကသာ ရရှိကြသည်။ ဆောင်းသီးနှံ စိုက်ပျိုးစရိတ် ချေးငွေ ၁ဧက ကျပ် ၂၀၀၀၀/-ရရှိသည်။ မိုးချေးငွေကို ၁၀လကြာ ပြန်ဆပ်ရပြီး၊ ဆောင်းချေးငွေကို ၇လကြပြီး ပြန်ဆပ်ရသည်။ အတိုးနှုန်းမှာ ၇၅ပြား ဖြစ်၍ ချေးငွေထုတ်ချေးသည့် အချိန်မှအပ ကျန် အချိန်များတွင် လိုအပ်သလို ထုတ်ချေးခွင့် မရှိပေ။ ကျေးရွာတွင် လယ်သမား ကြီးများနှင့် ငွေတိုး ချေးသူများက လုပ်အားခ ကြိုတင်ထုတ်ပေးချေးယူမှု ပြုလုပ်ကြသည်။ အတိုးနှုန်းကို ၇-၁၀ကျပ် အထိ ယူပြီး ပြန်လည်ပေးဆပ်ရန် ရာသီအလိုက် ကန့်သတ် ချက် မရှိပေ။ အရေးကြုံသည့်အခါ အပေါင်ဆိုင်တွင် ရွှေပေါင်ပြီး အတိုးနှုန်း ၃ကျပ်ယူကာ ၄လကြာလျှင် အဆုံးသတ်မှတ်သည်။ အရေးပေါ်ကြုံသည့်အခါ မိတ်ဆွေနှင့် ဆွေးမျိုးများစီမှ နှစ်ဦးသဘောတူ ကန့်သတ်ချက်မရှိ ချေးယူပြီး ၅-၁၀ကျပ် အတိုးနှုန်းပေး၍ အပေါင်ပစ္စည်းကို ပေးရန်လိုနှင့် ပေးရန်မလိုကြောင်း တွေ့ရသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့် | မြေဆီသြဇာကြွယ်ဝမှုအားနည်းလာခြင်း။ |
| အပင်မျိုးစိတ်များ | နိမ့် | - |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | မြင့် | ဖျက်ပိုးများ ဆေးယဉ်ပါးလာသည့်အတွက် ရောဂါများ ကျရောက်သည်။ |
| ရေရင်းမြစ် | နိမ့် | |
| ငါးမျိုးကွဲများ | မြင့် | လျှပ်စစ်ကျဉ်စက်များပြုလုပ်၍ ငါးဖမ်း။ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | - |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် | ချောင်း/မြောင်းများ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အသိပညာအားနည်း။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စပါးနှင့်ပဲကိုသာ ထပ်တလဲလဲ စိုက်ပျိုးရသည့် အတွက် မြေဆီ၊ မြေသြဇာကြွယ်ဝမှု အားနည်းလာသည်။ ပိုးသတ်ဆေး ကုမ္ပဏီများသည် မိမိဆေးရောင်းရရေးကိုသာ အဓိက အားထား၍ အရည်အသွေးနိမ့် ပိုးသတ်ဆေးများ ထုတ်လုပ်မှုကြောင့် မကြာခဏ ဆေးဖြန်းရသည့် အတွက် ဖျက်ပိုးများ ဆေးယဉ်ပါးလာပြီး ရောဂါကျရောက်မှု နှိမ်နင်းရာတွင်လည်း ထိရောက်မှုမရှိပေ။ လျှပ်စစ်ကျဉ်စက် တိုက်၍ ငါးဖမ်းမှု ပြုလုပ်သဖြင့် ငါးမျိုးကွဲများ မရှိသလောက်ရှားပါး လာသည်ကို တွေ့ရသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၂ | - | ၂ | ၀.၆% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၄၅ | ၅၆ | ၁၀၁ | ၃၀.၇% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၃၃ | ၃၈ | ၇၁ | ၂၁.၆% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၅၀ | ၄၁ | ၉၁ | ၂၇.၇% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၃ | ၁၉ | ၅၂ | ၁၆% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၄ | ၆ | ၁၀ | ၃% |

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၁ | ၁ | ၂ | ၀.၆% |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၁၆၈** | **၁၆၁** | **၃၂၉** | ၁၀၀% |

ရင်းမြစ် ...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ၉နှစ်နှင့် အထက် လူဦးရေ ၃၂၉ဦး၏ ပညာရေးအဆင့်ကို လေ့လာ တွေ့ရှိချက်အရ မွေးရာပါ မသန်စွမ်း၍ ပညာမသင်ကြားနိုင်သူ(၂)ဦး၊ ဘုန်းကြီးကျောင်း ပညာရေး ကျား/မစုစုပေါင်း (၁၀၁)ဦး၊ မူလတန်းပညာရေး မပြီးဆုံးသူဦးရေ ကျား/မပေါင်း (၇၁)ဦး၊ မူလတန်းပညာရေး ပြီးဆုံးသူဦးရေ ကျား/မပေါင်း (၉၁)ဦး၊ အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေကျား/မပေါင်း (၅၂)ဦး၊ အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ ကျား/မပေါင်း (၁၀)ဦးနှင့် တက္ကသိုလ်ပညာရေး ပြီးဆုံးသူဦးရေ ကျား/မပေါင်း (၂)ဦးရှိကြောင်းတွေ့ရသည်။ ထို့ကြောင့် ကျေးရွာ၏ ပညာရေးစနစ်သည် အလယ်တန်းနှင့် အထက်တန်း ပြီးဆုံးအောင် မသင်နိုင်ပဲ မိသားစုဝမ်းရေးခက်ခဲမှုကြောင့် ကျောင်းတတ်ရသူ များပြားကြောင်း လေ့လာတွေ့ရှိရသည်။

### (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၁၅ | ၁၃ | ၂၈ | ၃၆.၃% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၁၈ | ၁၀ | ၂၈ | ၃၆.၃% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၈ | ၅ | ၁၃ | ၁၆.၈% |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၃ | ၅ | ၈ | ၁၀.၃% |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော ကျောင်းနေအရွယ် (၇၇)ဦး ရှိ၍ မူလတန်းအဆင့်တွင် ကျား/မ(၂၈)ဦး၊ အလယ်တန်းအဆင့်တွင် ကျား/မ (၂၈)ဦး၊ အထက်တန်း အဆင့်တွင် ကျား/မ (၁၃)ဦးနှင့် တက္ကသိုလ် အဆင့်တွင် ကျား/မ(၈)ဦးအသီးသီး ပညာသင်ကြားနေသည်ကို တွေ့ရသည်။ မိသားစုဝင်များ စားဝတ်နေရေး ခက်ခဲမှု ရှိသဖြင့် ပညာသင်ကြားမှုပိုင်းတွင် ကျောင်းသား/သူဦးရေ နည်းပားသည်ကို တွေ့ရှိရသည်။

## (၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| **အကြောင်းအရာ** | **မူလတန်းကျောင်း** | | | | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ရွာတွင်း | | | | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် | | | | | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်) | အလျား၆၀'×အနံ၃၀'×အမြင့် ၁၂' | | | | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သင့် (သွပ်မိုး) | | | | | |
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | အနည်းငယ်သာရှိ | | | | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ) | မရှိ | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၂ | ၂ | ၄ | | | |
| ကျေးရွာခန့် | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ရွာ၏ မူလတန်းကျောင်းသည် ရွာ၏အနောက်ဘက်တွင် တည်ရှိ၍ ရွာတွင်းဖြစ်သည့် အတွက် ခြေလျင်ဖြင့် သွား၍ ကျောင်းတတ်ရသည်။ ကျောင်း၏ တည်ဆောက်ပုံမှာ သွပ်မိုး၊ အုတ်နံရံ၊ တမံသလင်းအခင်းနှင့် (၁)ထပ်ဆောင်ကျောင်းဖြစ်သည်။ အလျား ၆၀'×အနံ ၃၀' ×အမြင့် ၁၂' ရှိသည်။ ကျောင်းသုံးပရိဘောဂ အသင့်အတင့်သာလျှင် ထားရှိနိုင်သည်။ KG ကျောင်းသားအတွက် အသုံးပြုရမည့် ပစ္စည်းများ လုံလောက်မှု မရှိသည်ကို တွေ့ရှိရသည်။ ၂၀၁၅-၁၆ ကျောင်းအဟာရတိုက်ကျွေးမှု မရှိသေးပေ။ ဆရာ/မနှင့် ကျောင်းသား/သူ အချိုးသည် ၁:၁၀ ရှိသည်။ ကျောင်းသားအိမ်သာသည် အသင့်အတင့်သာ ကောင်းမွန်ပါသည်။

## (၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၄ ဦး |
| တပည့် - ဆရာ အချိုး | ၁၀ : ၁ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | အစိုးရမှ ထောက်ပံ့ပေးသည်။ မိဘများမှ လိုအပ်သော စာရေးကိရိယာများကိုလည်း ဝယ်ယူပေးသည်။ |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | အိမ်ထောင်စုအားလုံးနည်းပါး မူလတန်းပညာ သင်ကြားပေးနိုင်သည်။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | အားကစားကွင်းမရှိသည့် အတွက် အားကစားနှင့် သက်ဆိုင်သည့် ပစ္စည်းလက်လှမ်းမှီမှု မရှိ။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကျောင်းနှင့် သက်ဆိုင်သည့် ကိစ္စများကို မိဘ ဆရာများမှ အတတ်နိုင်ဆုံး စီစဉ် ဆောင်ရွက်ပေးနေသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် အစိုးရခန့် ဆရာ/မ (၄)ဦးရှိသည်။ မူလတန်းအဆင့် ကျောင်းနေသူ ကျောင်းသူ/သား (၃၉)ရှိသည့် အတွက် ဆရာ/တပည့် အချိုးသည် ၁:၁၀ ရှိသည်ဟု သတ်မှတ်သည်။ မူလတန်းတွင် ကျောင်းထွက်နှုန်းမရှိဘဲ အလယ်တန်းနှင့် အထက်တန်းတွင် ကျောင်းထွက်နှုန်း မြင့်မားကြောင်း တွေ့ရသည်။ မသင်မနေရ ပညာရေးစနစ်ပြဋ္ဌာန်းပြီး ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ အစိုးရမှ ထောက်ပံ့သည်။ လိုအပ်သော ကျောင်းသုံးကိရိယာများကို မိဘများက ဝယ်ပေးကြသည်။ ဆင်းရဲသော်လည်း အိမ်ထောင်စု အားလုံးနီးပါး မူလတန်းပညာ သင်ကြားပေးနိုင်သည့် အတွက် ပညာရေး အလားအလာ ကောင်းသည်ဟု သတ်မှတ်သည်။ အားကစားကွင်း မရှိသည့် အတွက် အားကစားနှင့် သက်ဆိုင်သည့် ပစ္စည်းကိရိယာများ လက်လှမ်းမှီမှုမရှိပေ။ မိဘဆရာအသင်းအနေဖြင့် ကျောင်းနှင့် သက်ဆိုင်သည့် ကိစ္စများကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးနေကြောင်း တွေ့ရသည်။

## (၂.၈) ကျန်းမာရေးနှင့်အာဟာရ

### (၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | | Â | ရေကောင်း၊ ရေသန့်သုံးစွဲခြင်း၊ ယင်းလုံအိမ်သာ သုံးစွဲခြင်း။ |
| ၂ | သွေးလွန်တုပ်ကွေး | | Â | | ခြင်ကိုက်ခြင်းမှ ကင်းဝေး။ |
| ၃ | ငှက်ဖျား | | | Â | |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | | | Â | |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | | Â | |
| ၆ | တီဘီ | | Â | | |
| ၇ | ဆီးချို | | Â | | |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၈ | သွေးတိုး | Â | | | သွေး:တိုးရောဂါများပြားကြောင်း တွေ့ရသည်။ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | Â | | |
| ၁၀ | အာဟာရ ချို့တဲ့မှု | | Â | | |
| ၁၀ | အခြား ကူးစက်နိုင်သော ရောဂါများ | | | Â | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေကောင်းရေသန့် သုံးစွဲခြင်း၊ ယင်လုံအိမ်သာများ သုံးစွဲခြင်းတို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှု မရှိသလောက် နည်းပါးကြောင်း တွေ့ရသည်။ ခြင်ကိုက်ခြင်း မဖြစ်ပွားအောင် အထူးဂရု စိုက်ကျသဖြင့် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု နိမ့်ကျသည်။ ကျေးရွာတွင် အဂလွန်သူများတွင် သွေးတိုးရောဂါအဖြစ်များကြောင်း တွေ့ရသည်။ (၂)လတစ်ကြိမ် (၂၀၁၆) ကျန်းမာရေးစစ်ဆေးမှု၊ စမ်းသပ် ကုသပေးမှု ပြုလုပ်ပေးသည်။

### (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | Â | | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ကာကွယ်ဆေး |
| ၃ | ပိုလီယိုရောဂါ | Â | | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | Â | | |
| ၅ | ဝက်သက်ရောဂါ | Â | | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | - | | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | Â | | ၂လ(၁)ကြိမ် ကျန်းမာရေးစစ်ဆေးချက် ပြုလုပ်ပေးခြင်း။ |
| ၈ | အာဟာရပညာပေး အစီအစဉ် | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ၂၀၁၅-၁၆ ခုနှစ် မြို့နယ်ကျန်းမာရေး စီမံချက်ဖြင့် (၂)လတစ်ကြိမ် ကျေးရွာသူ/သားများအား အခမဲ့အထွေထွေရောဂါစမ်းသပ်မှုများနှင့်

ဆေးဝါးကုသပေးမှုများ ပုံမှန်ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် လပတ် ကြိုတင်ရောဂါကာကွယ်ဆေးများကို နို့စို့အရွယ် ၅နှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မေးခိုင်ကာကွယ်ဆေးများကိုလည်း အလှည့်ကျ ထိုးနှံပေးကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| **ကျန်းမာရေး ဝန်ဆောင်မှု** | **ခရီး အကွာ အဝေး (မိုင်)** | **အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ)** | **ကျန်းမာရေး ဝန်ထမ်းဦးရေ** | **ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)** | **မှတ်ချက်** |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ရွာနီးပတ် ဝန်းကျင် ရွာတွင်ရှိ | မရှိ | ကျန်းမာရေးမှူး-<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ကြီးကြပ် (၁) –<br>ကြီးကြပ် (၂) –<br>တိုင်းရင်းဆေးကု-<br>အရပ်လက်သည်- | မလုံလောက် | |
| တိုက်နယ် ဆေးရုံ | ရွာနှင့် ၃မိုင် ကွာတွင်ရှိ | - | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | | |
| မြို့နယ် ဆေးရုံ | ခရမ်း ၅မိုင်ကွာ | ရှိ | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | လုံလောက် | |
| ဆေးဆိုင် | မရှိ | မရှိ | ဆေးဝါးကျွမ်းကျင် သူ | လက်လှမ်းမှီမှု--<br>ဆေးဝါး--<br>သိုလှောင်ပုံစနစ်--<br>အအေးခန်းစနစ်-- | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ

ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ရွာနီးပတ်ဝန်းကျင်ကျေးရွာများတွင် ကျေးလက် ကျန်းမာရေးဌာန ရှိခြင်းကြောင့် ကျေးရွာတွင်ကျန်းမာရေးဌာန မထားချေ။ ၎င်းရွာများ၏ ကျန်းမာရေးဌာန ဝန်ဆောင်မှုကို လေ့လာကြည့်သောအခါ အခန်းကုတင်လုံလောက်မှု မရှိခြင်း၊ ကျန်းမာရေး ဝန်ထမ်းဦးရေမရှိခြင်း၊ ဆေးနှင့် ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ လုံလောက်မှု မရှိကြောင်း တွေ့ရသည်။ ကျန်းမာရေး အတွက် အခက်အခဲရှိပါက အချိန်မရွေး ခရမ်းမြို့နယ် ဆေးရုံသို့သာ သွားကြရသည်။ ဆေးဝါးကျွမ်းကျင်သူ မရှိသည့် အတွက် သာမန်ဆေးပြားမှ အပ အခြားဆေးတင်ရောင်းသော ဆေးဆိုင်မရှိပေ။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | | | | | | |
| အဝီစိတွင်း/စက်တပ် | ၁ | ကောင်း | Â | Â | Â | |
| အဝီစိတွင်း/တုံကင် | | | | | | |
| မိုးရေသိုလှောင်ကန် | | | | | | |
| မြစ်/ချောင်း | | | | | | |
| ရေကန် | ၄ | ကောင်း | Â | Â | Â | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | | | | | | |
| အခြား | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဝီစိတွင်း၊ စက်တပ်(၁)တွင်းနှင့် သောက်သုံးရေကန် (၄)ကန် ရှိသည်။ သောက်သုံးရေ သန့်ရှင်းမှု အသင့်အတင့် ကောင်းမွန်သည်။ နွေ၊ မိုး၊ ဆောင် သောက် သုံးရေ ဖူလုံမှုရှိ သည့်အပြင် နွေရာသီ ပူးပြင်ခြောက်သွေ့သော ကာလ၌ ရေပြတ်သော အချို့ကျေးရွာများသို့ပင် ရေပေးဝေလှူဒါန်းမှုများ ပြုလုပ်သည်။

### (၂.၉.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၉၈ | ကျန်းမာရေး ဗဟုသုတရှိခြင်းကြောင့် |

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ကျင်းအိမ်သာ | | |
| မြေပေါ် အိမ်သာ | | |
| တောထိုင် | | |
| **စုစုပေါင်း** | ၉၈ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စု (၉၈)စုရှိသည်။ ကျေးလက် ကျန်းမာရေး ဌာန၏ ညွှန်ကြားမှုကြောင့် (၁)အိမ်ထောင်စုလျှင် ယင်လုံအိမ်သာ (၁)လုံးနှုန်း သတ်မှတ်ခြင်းကြောင့် အိမ်ထောင်စုတိုင်း ရေလုံအိမ်သာရှိသည်။ အိမ်သာများလည်း အသင့်အတင့် သန့်ရှင်း ကောင်းမွန်ကြောင်း တွေ့ရသည်။ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများလည်း အသင့်အတင့် ရှိကြသည်။

## (၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | | Â | အုပ်ချုပ်မှု၊ ခေါင်းဆောင်မှုပိုင်းဆိုင်ရာတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခြင်း မရှိပါ။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | Â | | အမျိုးသမီးများ တတ်ကြွစွာ ပါဝင်ဆောင်ရွက်မှု အားနည်းသည်။ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | Â | ဒေသတွင် အေးချမ်းသည့် အတွက် အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု တိုင်ကြားမှု မရှိ။ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | Â | | နည်းပညာ ဖွံ့ဖြိုးတိုးတက်သည့် အတွက် ဗဟုသုတအသိအမြင် အသင့်အတင့် ကြွယ်ဝမှု ရှိသည်။ |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အုပ်ချုပ်မှု ခေါင်းဆောင်ပိုင်း ဆိုင်ရာများတွင် အမျိုးသမီးများ ပါဝင်လုပ်ဆောင်ခွင့် အစဉ်အလာမရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်

အမျိုးသမီးများ ခေါင်းဆောင်ပါဝင်မှု အားနည်းသည်ကို တွေ့ရသည်။ ဒေသတွင်း အေးချမ်းတည်ငြိမ်မှု ရှိသည့် အတွက် အမျိုးသမီးများ၊ မိန်းကလေးများအား အိမ်တွင် အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုနှင့် ဖျားယောင်းမှုများ မရှိပေ၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည့် အတွက် ဗဟုသုတ အသိအမြင် အသင့်အတင့် ကြွယ်ဝမှုရှိကြောင်းလေ့လာ တွေ့ရှိသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်း | ၃ | **သင့်** | ၂၀၁၄-၁၅ | | Â | |
| ချဉ်းကပ်လမ်း | ၁ | **ဆိုး** | - | Â | | |
| ရွာချင်းဆက်လမ်း | ၁ | **ဆိုး** | - | Â | | |
| အခြား | | | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းလမ်းကို ၂၀၁၄-၂၀၁၅ ခုနှစ်က ပေ(၁၈၀၀)အရှည်ရှိ ၄'×၄" ကျောက်ချောလမ်းကို ပြည်ထောင်စု ကြံခိုင်ဖွံ့ဖြိုးရေး ပါတီမှ (၂၅)သိန်း မတည်၍ ကျေးရွာလူထု စိုက်ငွေ ကျပ် ၃၅သိန်းနှင့် ခင်းခဲ့သည်။ တစ်နှစ်ပတ်လုံး ကျောင်းသူ/သားများ ၊ ရွာသူ/သားများ သွားလာရေး အဆင်ပြေသည်။ ရွာတွင်းလမ်းများမှာ လှည်း၊ ထော်လာဂျီသွားလာနိုင်သည့် မြေသားလမ်း ဖြစ်သည်။ ချဉ်းကပ်လမ်းမှာ ၅မိုင်ခန့်ကွာဝေး၍ မြေသားကန်သင်းလမ်းဖြစ်သောကြောင့် မိုးတွင်းအခါ သွားလာရ ခက်ခဲမှု ရှိသည်။ ဤရွာနှင့် ရွာချင်းဆက်လမ်းများသည်လည်း မြေသားကန်သင်းများသာ ဖြစ်သောကြောင့် ကျောင်းသူ/သားနှင့် လုပ်သားပြည်သူများမိုးတွင်းအခါ သွားလာရာ၌ ခက်ခဲသည်ကို တွေ့ရသည်။

### (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | | | | | |
| ကွန်ကရစ်တံတား | သေး | သင့် | ၂၀၁၂ | | Â |
| ကြိုးတံတား | | | | | |

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ရေပြွန် | | | | | |
| အခြား | | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ၂၀၁၂ ခုနှစ်က ၁၀ပေ အရှည်ရှိ ကွန်ကရစ်အသေးစား တံတား(၁)စင်းသာ ရှိ၍ ကျန်ရှိသော တံတား (၆)စင်းမှာ ဝါးတံတားများဖြစ်သည်။

## (၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | | | | |
| ပင်လယ်ရေကြောင်း | | | | |
| အခြား | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိသောကြောင့် မြစ်ကြောင်း လမ်းနှင့် ပင်လယ်ရေကြောင်းများ မရှိပေ။ မိုးတွင်းအခါ ရေများမှသာလျှင် (၁)လ၊ (၂)လခန့် မြို့သို့ မော်တော်ဖြင့် သွားလာနိုင်သည်။

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၅၀ | ၃၆ | | | | ၈ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေလမ်းခရီး အသုံးပြုမှု မရှိသလောက်နည်း ပါးသည်။ သယ်ယူပို့ဆောင်ရေး ယာဉ်အဖြစ် စက်ဘီး(၅၀)စီးနှင့် ဆိုင်ကယ်(၃၆)စီးအား တစ်နှစ်ပတ်လုံး သွားလာရာတွင် အသုံးပြုသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | | | |
| ဆိုလာစနစ် | ၆၁ | သင့် | ရှိ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | ၁၀ | သင့် | ရှိ |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ | ၂၇ | ညံ့ | ရှိ |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသည့် အတွက် လျှပ်စစ်မီး အသုံးပြုမှု မရှိပေ။ တစ်အိမ်သုံး ဆိုလာအသေးစား ဝပ်(၄၀)အား အိမ်ထောင်စု (၆၁)စုမှ သုံးစွဲသည်ကို တွေ့ရသည်။ ဒီဇယ်သုံး အင်ဂျင်မောင်းသော အိမ်ထောင်စု (၁၀)စုကိုလည်း တွေ့ရသည်။ ကျန်ရှိသော အိမ်ထောင်စု အချို့မှာ ဇီဂလောင်စာ ဖရောင်းတိုင်ကိုသာ အသုံးပြုကြသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၈၉ | ၂၂ | ၃၃ | | လပ်တော့-၂၁ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက် ချိတ်ဆက်အသုံးပြု ကြသည်။ ရွာတွင် ဖုန်း(၈၉)လုံး၊ ရေဒီယို (၂၂)လုံး၊ တီဗွီ(၃၃) လုံး၊ စက်တော့ဘောက်နှင့် လပ်တော့-၂၁လုံး ရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် သတင်း၊ ဆက်သွယ်ရေးနှင့် ပတ်သက်၍ အိမ်တိုင်းနီးပါး ဖုန်း၊ တီဗွီများ အသုံးပြုနိုင်မှုကြောင့် ဗဟုသုတနှင့် ဆက်သွယ်ရေး ကောင်းမွန်ကြောင်း လေ့လာ တွေ့ရှိရသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | သီးသန့် အပန်းဖြေရန် နေရာမရှိ။ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ကျေးရွာရှိ ရပ်ရေး/ရွာရေးတွင် တတ်ကြွပါဝင်မှုရှိ ။ |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ဘာသာရေးပွဲတော်များတွင် တတ်ကြွပါဝင်မှုရှိ။ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | အားကစားနှင့် သက်ဆိုင်သော ပစ္စည်းများ မဖော်ဆောင်နိုင်ပေ။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ကျေးရွာဖွံ့ဖြိုးရေး သီးသန့်ဆောင်ရွက်ခြင်း မရှိ။ |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ယဉ်ကျေးမှု ထိန်းသိမ်းဆောင်ရွက်မှု ရှိ။ |

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမီမှု | စာကြည့်တိုက် သီးသန့်မရှိခြင်း၊ အင်တာနက် ချိတ်ဆက်မှု အားနည်းခြင်း။ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့် နေရာ သီးသန့်မရှိပေ။ ကျေးရွာရှိ ရပ်ရေး/ရွာရေး ဘာသာရေးပွဲတော်များတွင် တက်ကြွစွာ ပါဝင်လုပ်ကိုင် ဆောင်ရွက်ကြသည်။ လူငယ်ဖွံ့ဖြိုးရေး ပရဟိတအဖွဲ့ သီးသန့်ဖွဲ့စည်း မဆောင်ရွက်နိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်၍ ယဉ်ကျေးမှု အမွေအနှစ်ကိုလည်း ထိန်းသိမ်း ဆောင်ရွက်သည်။ စာကြည့်တိုက် သီးသန့်မရှိပေ။ အင်တာနက် ချိတ်ဆက်မှုများ အားနည်းသည်ကို တွေ့ရသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

## (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | တာဝါတိုင်များနေရာအနီးတွင် ရှိ။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | အသက်အာမခံ လုပ်ငန်းဝန်ဆောင်မှု ရှိ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | သဘာဝဘေးအန္တရာယ်များ၊ ရုပ်သံလိုင်းမှတဆင့် သိရသည်။ မြို့နယ်ရာဇဝတ်မှုခင်း ဖြစ်ပွားမှု လျော့ချနိုင်။ |
| ရဲစခန်းများအား လက်လှမ်းမီမှု | မြို့နှင့်နီး၍ ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်သည်။ |
| အခြား | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် တာဝါတိုင်များ ရှိခြင်းကြောင့် မိုဘိုင်းတယ်လီဖုန်းများ အလွယ်တကူ အသုံးပြုနိုင်ပြီး သတင်းအချက်အလက်များ ချိတ်ဆက် ရယူနိုင်သည်။ အစိုးရဌာနမှ ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးသည့် အတွက် အသက်အာမခံ ဝန်ဆောင်မှုများလည်း ရှိသည်။ သဘာဝ ဘေးအန္တရာယ် ကာကွယ်မှုကို ရေဒီယို ရုပ်သံလိုင်းများမှ တဆင့် သိရှိနိုင်သည်။ ကျေးရွာတွင် တည်ငြိမ်အေးချမ်းမှုကြောင့် ရာဇဝတ်မှု ဖြစ်ပွားမှုနှုန်း လျော့နည်း နေသည်ကိုလည်း တွေ့ရသည်။ မြို့နှင့် နီး၍ ရဲစခန်းသို့ အလွယ်တကူ သွားလာဆက်သွယ်မှု ပြုလုပ်နိုင်သည်။

**(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု**

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ် /သာမန် | ၂ | ၂ | ၂ | ၂ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အင်တာနက် ချိတ်ဆက်မှုများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ မြို့ကြီးများပေါ်သို့ အလွယ်တကူ သွားလာနိုင်သည့် အတွက် မျက်စိပွင့် နားပွင့်ကာ လူကုန်ကူးမှုများ မရှိသလောက် နည်းပါးသည်။ မိုဘိုင်းတယ်လီဖုန်းများ အသုံးပြု၍ ရဲစခန်းသို့ အလွယ်တကူ ဆက်သွယ် အသုံးပြုနိုင်သဖြင့် ခိုးမှု ၊ အကြမ်းဖက်မှုများလည်း မတွေ့ရှိရပေ။ မူးယစ်ဆေးဝါးအား အလွယ် တကူ မရရှိသဖြင့် မူးယစ်ဆေးသုံးစွဲသူများလည်း မရှိပေ။